
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၄ခုနှစ်၊စက်တင်ဘာလ၊ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၅၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင် (သစ္စာမွန်စာပေ)<br>အမှတ်(၃၈)၊ မဏ္ဍကုန်းလမ်း<br>ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂)<br>သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊<br>တာမွေလမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာ | - | ပန်းအိစံ |
| ပြန်ဆိုရေး | - | ရန်မျိုးအောင်စာပေ |
| အတွင်းဖလင် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်၊

၈၉၅.၈၃
မင်းမြတ်သူရ
ဘဝဟောင်းကမြနှင်းဆီ/မင်းမြတ်သူရ။ - ရန်ကုန်
သစ္စာမွန်စာပေ၊ ၂၀၁၄၊
၂၃၈ - စာ၊ ၁၂ × ၁၈ စင်တီ၊
(၁)ဘဝဟောင်းကမြနှင်းဆီ


# မင်းမြတ်သူရ

# ဘဝဟောင်းကမြနှင်းဆီ


<u>ပြန့်ချိရေး</u>

ရန်မျိုးအောင်စာပေ

အမှတ် ၂၂၊ မေမွစိန္တာလမ်း

ကျောက်မြောင်း၊ တာမွေ။

ဖုန်း-၀၉-၇၃၀၈၂၃၁၂


www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ဝတ္တရားကျသော တာဝန်ဖြစ်သည်"

### ပြည်သူ့သဘောထား

■ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
■ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
■ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
■ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

■ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
■ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
■ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
■ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

■ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
■ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
■ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
■ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

■ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
■ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
■ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
■ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာရေးဆရာနေဝင်းသည် သူ၏ စာအုပ် ဇာတ်သိမ်းခန်းကို ဈန်ဝင်ပြီး ရေးသားနေချိန်၌ ကျယ်လောင်သော ဖုန်းသံကြောင့် ခဲတံကိုချကာ တယ်လီဖုန်းရှိရာသို့ ထွက်ခဲ့လေ၏။

တယ်လီဖုန်းခွက်ကို ကိုင်လိုက်သောအခါ တစ်ဖက်မှ လူတစ်ဦးက

"ကားနံပါတ် အာ ၃၄ ပိုင်ရှင်ပါလား"

——— မြနှင်းဆီစာပေ ———

www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းသော အသံကို ကြားရသဖြင့်

"ဟုတ်ပါတယ်၊ ကျုပ်က အာ ၃၄ ကားပိုင်ရှင်ပါ၊ ဘာဖြစ်လို့လဲ"

ဟုပြန်လည်မေးမြန်းလိုက်၏။

ထိုအခါ- တစ်ဖက်မှ လူ၏အဖြေကြောင့် နေဝင်း၏မျက်လုံးများ ပြာဝေသွားပြီး

"ဗျာ.. ကားတိုက်မှုဖြစ်လို့ ဟုတ်လား၊ ဘုရား ...ဘုရား ဘယ်မှာဖြစ်တာလဲ"

ဟုမေးမြန်းလိုက်ရာ တစ်ဖက်မှလူက

"မင်္ဂလာဒုံကိုးလောင်းကွေ့မှာပါ၊ မတော်တဆမှု ဖြစ်လို့ ကျုပ်တို့ ပြေးကြည့်လိုက်တော့ ဒဏ်ရာရထားတဲ့ အမျိုးသမီးတစ်ယောက်တွေ့ရပြီး ကားမှန်မှာ ဒီဖုန်းနံပါတ်တွေ့လို့ ဆက်လိုက်တာပါ"





ဟုဖြေကြားလေ၏။

နေဝင်းသည် ထိုသူ၏ စကားကြောင့် ကားမောင်းသွားသော ဇနီးသည် မေ့အတွက် ရင်ထဲတွင် ဗလောင်ဆူသွားပြီး ဖုန်းခွက်ကို ပစ်ချကာ ကိုးလောင်းကွေ့သို့ ကားကို တရကြမ်း မောင်းခဲ့လေ၏။

ဘုရားသခင်ကြားမလို့ မေဘာမှ မဖြစ်ပါစေနဲ့ ဟုလည်း ဆုတောင်းနေမိ၏။

www.burmeseclassic.com

နေဝင်းသည် ကားကို အပြင်း မောင်းနှင်လာပြီးနောက် ကိုးလောင်းဖွေ့သို့ ရောက်သောအခါ စုပြုံနေသော လူများကို တိုးဝှေ့ပြီး သွေးသံရဲရဲ ဖြစ်နေသော ဇနီးသည် မေ့ကို တွေ့ရလေ၏။

နေဝင်းသည် စိုးရိမ်သောက ကြီးစွာဖြင့် မေ့ကို ပွေ့ဖက်ကာ





"မေ..မေ..ဘယ်လိုဖြစ်တာလဲမေရယ်.."

ဟု လှုပ်ခါပြီး မေးမြန်းလိုက်လေ၏၊

ထိုအခါ ဝေဒနာ ပြင်းထန်စွာ ခံစားနေရသော မေက မျက်လုံးများကို ဖွင့်ကာ

"ကိုယ်ရောက်လာပြီလား၊ မေမနေရတော့ဘူး၊ ကိုယ်ကို ကတိတစ်ခုတောင်းမယ်"

ဟု မပီဝိုးတဝါး ပြောလေရာ နေဝင်းက ကမန်းကတန်း ခေါင်းညိတ်ပြီး

"ဘာတောင်းမှာလဲမေ..တောင်းပါ.."

ဟုဆိုလိုက်ရာ မေက လေသံတိုးတိုးဖြင့်

"မေ..မရှိတော့လို့ နောက် အိမ်ထောင်ပြုမယ်ဆိုရင် ဘယ်တော့မှ သားသမီး မယူဘူး ဆိုတဲ့ကတိကိုပေးပါ"

ဟုပြောလေရာ နေဝင်းသည်မေ၏ ဆိုလိုရင်းကို အား



www.burmeseclassic.com

www.burmeseclassic.com



မလည်သော်လည်း မေစိတ်ချမ်းသာစေရန် ကမန်းကတန်း ခေါင်းညိတ်ပြီး

"ကိုယ်ကတိပေးပါတယ် မေရယ့်ကိုယ် သားသမီးလည်း မယူဘူး..အို..နောက်အိမ်ထောင်လဲမပြုတော့ပါဘူး"

ဟုပြောလိုက်ရာ မေသည်စိတ်ချသွားဟန်ဖြင့် တစ်ချက်လူးလွန့်ကာ ဘဝ တစ်ပါးသို့ ပြောင်းလဲ သွားလေ၏။

နေဝင်းသည် မေ၏ ခန္ဓာကိုယ်ကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်ပြီး ဝမ်းပန်းတနည်းဖြင့်

"မေ..မေကိုယ့်ကို ထားခဲ့ပြီလားကွာ..မေ မရှိတဲ့လောကမှာ ကိုယ်တစ်ယောက်တည်း ဘယ်လိုနေရမှာလဲ..ဘယ်လိုနေရမှာလဲ..ပြောစမ်းပါ"

ဟု အော်ဟစ်ပြောဆိုနေမိ၏။

ထိုအခါ နေဝင်းတို့ လင်မယား၏ ဝမ်းနည်း ကြေကွဲဖွယ်





မြစ်ရပ်ကို အနီးတွင်ကြည့်ရှုသူ အပေါင်းတို့သည် စိတ်မကောင်းဟန်ဖြင့် မျက်နှာလွှဲလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် ကြေးရတတ် မိဘမှ မွေးဖွားသော တစ်ဦးတည်းသောသားဖြစ်ပြီး ထူးချွန် ထက်မြက်သူ ဖြစ်သဖြင့် ဖခင်ဦးရွှေဘက နိုင်ငံခြားသို့ လွှတ်ပြီးပညာသင်ရန် ရည်မှန်းထားခဲ့၏။

သို့သော် ဒုတိယ ကမ္ဘာစစ်ဖြစ်ပွားပြီး ဦးရွှေဘ၏ရည်မှန်းချက်များ ရေစုန်မျောခဲ့ရ၏။





နေဝင်းသည် ဥပစာ အထက်တန်းအောင်သောအခါ မိမိ ဝါသနာပါသော စာပေလောကအတွင်းသို့ ခြေစုန်ပစ်ဝင်ကာ သုံ့ဝါဒမဂ္ဂဇင်း၌ အယ်ဒီတာ လုပ်ခဲ့၏။

ထိုမှ တစ်ဖန် သူ၏ ပထမဆုံးစာအုပ် "ရွှေလသာမှ" စာအုပ် ရေးသားပြီး ထိုစာအုပ်ဖြင့်ပင် အောင်မြင်ကျော်ကြားလူသိများခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ နေဝင်းသည် ရန်ကုန် - ပြည် ရထားစီးရင်း ဇနီးသည် မေနှင့် တွေ့ဆုံကာ ချစ်ကျွမ်းဝင်ခဲ့၏။

မေသည် ဥပစာအောက်တန်းစာမေးပွဲ ဖြေထားသူ ဖြစ်ပြီးနေဝင်း၏စာဖတ်ပရိသတ်ဖြစ်ရုံမက ပန်းချီပညာကို ဝါသနာထုံသဖြင့် ပန်းချီကားများ ရေးဆွဲနေသူဖြစ်၏။

နေဝင်းအတွက်ထိုကာလများသည်ချစ်သူဘဝ၏အသာယာဆုံး အချိန်များ ဖြစ်ခဲ့၏။ ချစ်သူနှစ်ဦး စိတ်တူကိုယ်တူ ပျော်





ရွှင်ခဲ့ကြ၏။

ပုဂံသို့ ဘုရားဖူး ခရီးထွက်ရင်း မေ က ပန်းချီကားများ ဖန်တီးခဲ့သလို နေဝင်းကိုယ်တိုင်လည်း ဆလုံ တိုင်းရင်းသားဘဝနောက်ခံ စာအုပ်ထူကြီး တစ်အုပ် ရေးသားဖြစ်ခဲ့၏။

နေဝင်း၏ ဖခင်ကြီး ဦးရွှေဘသည် မိဘ ဝတ္တရားအတိုင်း သားဖြစ်သူကို မြို့တော်ခန်းမ၌ ခမ်းနားသိုက်မြိုက်စွာ လက်ဆပ်ပေးပြီး နောက်တစ်နှစ်မှာပင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့၏။

နေဝင်းသည် ဖခင်ကြီး ဆုံးပါးသွားပြီးနောက် မြောက်မြားစွာသော အမွေ ပစ္စည်းများနှင့်အတူ ရန်ကုန်မြို့နှင့် မိုင် ၁၀၀ ကျော်ဝေးသော အရပ်ရှိ မဟာမြိုင်အိမ်ကြီးကို အမွေအဖြစ် ဆက်ခံရရှိခဲ့၏။

မဟာမြိုင်အိမ်ကြီးကို နေဝင်း၏ အဘိုး ဦးရွှေကြိုင် လက်



www.burmeseclassic.com

www.burmeseclassic.com



ထက်က တည်ဆောက်ခဲ့ခြင်း ဖြစ်၏။ နေဝင်း၏ ဖခင် ဦးရွှေသာ ကိုယ်တိုင် မဟာမြိုင် အိမ်ကြီး၌ ကြီးပြင်းခဲ့၏။

နေဝင်းသည် မဟာမြိုင်အိမ်ကြီးသို့ ဇနီး နှင့်အတူ သွား ရောက် ကြည့်ရှုပြီး လိုအပ်သလို ပြုပြင် မွမ်းမံခဲ့၏။ မေသည် ရှေး ဆန်သော မဟာမြိုင်အိမ်ကြီးကို မြင်တွေ့သောအခါ အလွန် နှစ်မြို့သဘောကျလေ၏။

ထိုအချိန်ကစပြီး မေသည် အော်စတင်ကားကို ကိုယ်တိုင် မောင်းပြီး မဟာမြိုင်သို့ တစ်ပတ်လျှင် နှစ်ရက် သုံးရက်ခန့် ပန်းချီ သွားဆွဲလေ့ရှိ၏။

ထိုသို့ ပန်းချီဆွဲသည့် အခါတိုင်း မေ့ ပန်းချီကားများသည် ထူးခြားစွာပင် ရှေးအငြိမ့်မင်းသမီး တစ်ယောက်၏ ပန်းချီကား များ ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုပန်းချီကားသည် အလွန်ထူးခြားပြီး အငြိမ့်မင်းသမီး၏ မျက်လုံးများ ညှို့အားကောင်းလှသဖြင့် နေဝင်းက

"ဒီပန်းချီကားထဲက မိန်းမက ဘယ်သူလဲမေ- သူ့မျက်လုံးတွေက ညှို့အားသိပ်ကောင်းတယ်"

ဟုပြောလေရာ မေက

"သူ့နံမည် မြနှင်းဆီလို့ခေါ်တယ်၊ စစ်ကိုင်းခေတ်က မန္တလေးအငြိမ့်လောကမှာ နံမည်ကြီး မင်းသမီးတစ်လက်ပေါ့၊ သူ့ပုံတွေကို မေ သိပ်ကြိုက်လို့ လက်ကမ်းကြော်ငြာတွေထဲက ကူးဆွဲထားတာ"

ဟုပြောလေ၏၊ နေဝင်းက ခေါင်းညိတ်ပြီး

"သူ့ပုံတွေကို မေ ဘယ်ကရတာလဲ"

ဟုမေးမြန်းလိုက်၏၊

မေက နေဝင်း၏ မျက်နှာကို ကြည့်ပြီး





"ကိုယ်အပြစ်ပြောရင်လဲခံရမှာပဲ၊ ကိုယ့်အဘိုးဦးရွှေကိုင်ရဲ့ ထင်ရှူးသေတ္တာကြီးကို မေစပ်စုရင်းတွေ့တာ"

ဟုပြောလေ၏၊

မေသည် ထိုအချိန်ကစပြီး မဟာမြိုင်အိမ်ကြီးသို့ ရက်စိပ်စိပ်ဖြင့် သွားပြီး ပန်းချီကားများ ရေးဆွဲနေလေတော့၏၊

မဟာမြိုင်အိမ်ကြီး၌ ရေးဆွဲသော မေ့ပန်းချီကားများ အားလုံး ရှေးဆန်ပြီး လျှို့ဝှက်နက်နဲသော ဟန်များပေါင်းစပ်ထားလေ၏၊ မေကပန်းချီကားများနှင့် ပတ်သက်ပြီး

"မေ အခုတလော မဟာမြိုင်မှာ ပန်းချီဆွဲရတာ ပိုပြီး စိတ်ဝင်တယ်၊ ရန်ကုန်မှာ ဆွဲရတာ မဟာမြိုင်မှာလောက် ခံစားလို့ မရဘူး၊ ဒါကြောင့် မေ မဟာမြိုင်မှာပဲ ပန်းချီဆွဲချင်တယ်၊ မေ အခုတလော ဆွဲခဲ့တဲ့ ပန်းချီကားတွေ အားလုံးကလဲ ရှေးဆန်တဲ့ မူဒ်တွေပါနေတယ်၊ ဒါကြောင့် ရှေးဆန်တဲ့ မူဒ်တွေကို မဟာမြိုင်



www.burmeseclassic.com

www.burmeseclassic.com






မှာပဲ ရနိုင်တယ်"

ဟုပြောလေ၏၊ နေဝင်းက သက်ပြင်းချပြီး

"ဒါဆိုရင်လဲ မေသဘောပါပဲကွာ၊ ဒါပေမဲ့ ပဟာမြို့မှာ မေတစ်ကိုယ်တည်းပန်းချီဆွဲမဲ့အစား ကိုယ်လည်းမဟာမြိုင်ကို လိုက်ပြီး စာရေးမယ်"

ဟုပြောလေရာ မေက သက်ပြင်းချလိုက်ပြီး

"မေ တစ်ယောက်တည်း အေးအေးဆေးဆေး ခံစားချင်လို့ပါ ကျေးဇူးပြုပြီး မဟာမြိုင်ကို ကိုယ်မလိုက်ပါနဲ့"

ဟုတားဆီးလေ၏၊ နေဝင်းက ခေါင်းခါယမ်းလိုက်ပြီး

"ရန်ကုန်နဲ့ မဟာမြိုင်က နီးနီးလေးမဟုတ်ဘူး၊ မိုင် ၁၀၀ ကျော်တယ်၊ ဒီလောက်ဝေးတဲ့ ခရီးကို မေ တစ်ယောက်တည်း ကားမောင်းသွားတာ ကိုယ် စိတ်မချဘူး"

ဟုပြောလေရာ မေက သက်ပြင်းချပြီး



www.burmeseclassic.com

www.burmeseclassic.com



"မေ ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တာ ကိုယ်အသိပဲ၊ ဘာမှမစိုးရိမ်ပါနဲ့"

ဟုပြောလေ၏။ နေဝင်းသည် ဇနီးဖြစ်သူ၏ အနုပညာခံစားမှုကို စာနာ နားလည်ပြီး တားမြစ်ခြင်း မပြုခဲ့ချေ။

မေ့ကို သင်္ဂြိုလ်ပြီး ရက်လည်သောနေ့အထိ နေဝင်းသည် အိပ်မက်တစ်ခုဟု ထင်မြင်နေဆဲ ဖြစ်၏။

ညသို့ ရောက်သောအခါနေဝင်း၏အိမ်၌ ဧည့်သည်များ တစ်ဖွဲဖွဲ ပြန်သွားပြီးနောက် ထုတ်ဝေသူ ဦးသီလတစ်ယောက်သာ ကျန်တော့၏။

နေဝင်းက ဦးသီလကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဦးသီလပြန်တော့လေ..ကျုပ်တစ်ယောက်တည်းအေး အေးနေလို့ရပါတယ်"

ဟုဆိုလိုက်ရာ ဦးသီလက နေဝင်းကို ကရုဏာ သက် ဟန်ဖြင့်

"ဆရာတစ်ကိုယ်တည်းအထီးကျန်နေမဲ့အစား ကျုပ်တို့ စာရေးဆရာ အသိုင်းအဝိုင်းမှာ လိုက်နေပါလား"

ဟုဆိုလိုက်ရာ နေဝင်းက ခေါင်းခါယမ်းလိုက်ပြီး

"ကျုပ်ကိုအထီးကျန်လို့ ဦးသီလ ဘာကြောင့်ပြောသလဲ၊ ကျုပ်အနားမှာ မေရှိနေတယ်ဗျ"

ဟုဆိုလိုက်ရာ ဦးသီလက နေဝင်းကိုစိတ်မောဟန်ဖြင့် ကြည့်ပြီး သက်ပြင်းချလိုက်မိ၏။

နေဝင်းသည် နံရံတွင် ချိတ်ထားသော မေ့ပန်းချီကားကို အံ့သြစွာ ကြည့်ရင်း





"ကြည့်စမ်း ဦးသီလ.. ပန်းချီကားပေါ်မှာ လိပ်ပြာလေး တစ်ကောင် နားနေတယ်၊ ကျုပ်အိမ်ထဲမှာ ပန်းပင်မရှိဘူး၊ လိပ်ပြာရောက်စရာ အကြောင်းမရှိဘူး၊ ဒီလိပ်ပြာဟာ မေ့ ဝိညာဉ်ပဲဖြစ်ရမယ်"

ဟုဆိုလိုက်ရာ ဦးသီလက ကြက်သီးထပြီး လိပ်ပြာကို မော့ကြည့်လိုက်ရာ လိပ်ပြာသည် နေဝင်း၏ပန်းချီကားပေါ်တွင် သွားနားပြန်၏။

နေဝင်းသည် လိပ်ပြာကို အရူးတစ်ယောက်လို ကြည့်ပြီး

"ဟင်..မေ..မေမဟုတ်လား..မေဆိုရင် ကိုယ့်လက်ပေါ် လာနားပါလားကွယ်"

ဟုဆိုလိုက်ရာ လိပ်ပြာသည် ပန်းချီကားပေါ်မှ ဝဲပျံလာပြီး နေဝင်း၏ လက်ခုံပေါ်တွင် လာနားလေ၏။

လိပ်ပြာ၏တောင်ပံသည်အဝါရောင်ပေါ်တွင် အနက်ရောင်



www.burmeseclassic.com

www.burmeseclassic.com



လေးရှား ဖောက်ထားသဖြင့် အလွန်လှပလေ၏။

နေဝင်းသည် လိပ်ပြာကို စိတ်လှုပ်ရှားစွာ ကြည့်လိုက်ပြီး

"မေ..မေ ကိုယ်နဲ့ ခွဲမသွားပါနဲ့ကွယ်"

ဟုပြောဆိုလေ၏။

ဦးသီလသည် လိပ်ပြာကိုအထိတ်တလန့်ဖြင့်ကြည့်ပြီး

"ဆရာ..ဆရာ အမျှလာတောင်းတာနဲ့တူတယ်၊ အမျှပေးလိုက်ပါ"

ဟုတတွတ်တွတ် ပြောဆိုနေလေ၏။

နေဝင်းက လိပ်ပြာကို စိတ်လှုပ်ရှားစွာ ကြည့်ပြီး

"ယခုပြုသမျှ ကုသိုလ် ကောင်းမှုအစုစုကို မေ့အတွက် အမျှပေးဝေပါတယ်..အမျှ..အမျှ..အမျှ"

ဟုဆိုကာ သာဓုသုံးကြိမ်ခေါ်လိုက်ရာ လိပ်ပြာလေးသည် နေဝင်းတို့ မျက်စိရှေ့မှ တခဏချင်း ပျောက်သွားလေ၏။






www.burmeseclassic.com

www.burmeseclassic.com



နေဝင်းသည် လိပ်ပြာလေး ပျောက်သွားသဖြင့် ဝမ်းပန်းတနည်းလိုက်ရှာပြီး

"မေ..မေ ကိုယ့်ကို ခွဲမသွားပါနဲ့ကွာ"

ဟုပြောဆိုနေလေ၏။

ညသို့ရောက်သောအခါဦးသီလသည်အသုဘအိမ်တို့၏ထုံးစံအတိုင်း ရက်လည်ပြီး ဖြစ်သဖြင့် ၇ ရက်လုံးလုံး ဖွင့်ထားသော အိမ်တံခါးကို ပြန်ပိတ်ရန် ပြင်ဆင်နေစဉ် အနီးသို့ နေဝင်းရောက်လာပြီး

"မပိတ်ပါနဲ့ဦးသီလရယ်..မေ့ဝိညာဉ် ဖြစ်သွားတဲ့လိပ်ပြာလေး ပြန်လာရင် လာဦးမယ်"

ဟုပြောလေ၏။

ဦးသီလက ခေါင်းခါယမ်းလိုက်ပြီး

"ဆရာရယ်..တံခါးပိတ်မှ ဖြစ်မှာပေါ့ ကျုပ်တို့မြန်မာ့ထုံးစံ





အရ ဘဝခြားသွားတဲ့သူကို အိမ်တွင်းနတ်က ၇ ရက်ကျော်ရင် ဝင်ခွင့် မပြုတော့ဘူးလေ"

ဟုဆိုလိုက်ရာ နေဝင်းက မျက်မှောင်ကြုတ်ပြီး

"အိမ်တွင်းနတ် ဝင်ခွင့်မပေးလဲ ကျုပ်ဝင်ခွင့်ပေး တယ်ဗျာ၊ ဒီမှာ..ဦးသီလ မေနဲ့ကျုပ် ကြားမှာ ဘယ်အိမ်တွင်းနတ် မှ တားဆီးလို့မရဘူး၊ ကျုပ်တံခါးကိုလုံးဝမပိတ်ဘူး၊ ဖွင့်ထားမယ်"

ဟုတားဆီးလေရာ ဦးသီလသည် နေဝင်းကို နားချလို့ မရသဖြင့် စိတ်ပျက်လက်ပျက် ညည်းညူလိုက်လေ၏။

နေဝင်းသည် ထိုအချိန်ကစပြီး လိပ်ပြာလေးကို နေ့စဉ် စောင့်မျှော်နေလေ၏။ သို့သော် လိပ်ပြာလေးသည် နေဝင်းထံသို့ ရောက်မလာတော့ချေ။

နေဝင်းသည် ထိုအချိန်မှစပြီး အသက်ဝိညာဉ်နှင့် ဆိုင်သော လိပ်ပြာဆိုသည်ကို စာပေကျမ်းဂန်များတွင် ရှာဖွေတွေ့ရှ



www.burmeseclassic.com

လေ၏။

ထိုသို့ဖတ်ရှုရင်း တရုတ်ဘိန်းစား ရှောင်ဖုန်းဆိုသူသည် အသက်ဝိညာဉ်နှင့်ဆိုင်သော လိပ်ပြာအကြောင်းကို အထူး ကျွမ်းကျင်သည်ဆိုသဖြင့် ဘိန်းစားတန်း၌ သွားရောက်တွေ့ ဆုံလေ၏။

ဘိန်းစားရှောင်ဖုန်းက ဘိန်းပြောင်းကို ဖိမ်ခံပြီးရှုရင်း နေဝင်းကို မျက်လုံးများ မှေးစင်း ကြည့်ကာ

"တော်တော် ဒုက္ခကြီးတဲ့ သူပါလား၊ လိပ်ပြာအကြောင်း ကိုသိရင် ခင်ဗျား ဘာထူးမှာလဲ"

ဟုမေးမြန်းလေ၏။

နေဝင်းက သက်ပြင်းချပြီး

"ကျုပ်မိန်းမနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ကျုပ်ရင်ထဲမှာ ဒီနေ့အထိ ရင်သန်နေတုန်းပဲ၊ဒါကြောင့် လိပ်ပြာအကြောင်းကို







ကျေးဇူးပြုပြီး ပြော ပြပါ"

ဟုတောင်းပန် လေ၏။ထိုအခါ ဘိန်းစား ရှောင်ဖုန်းက

"ကောင်းပြီ၊ ကျုပ်ရဲ့ဘိန်းပြောင်းထဲကို ဘိန်းမပြတ် ထည့် ပေးရင် ပြောပြမယ်"

ဟုဆိုလေရာ နေဝင်းက သဘောတူလိုက်လေ၏။

တရုတ်ဘိန်းစား ရှောင်ဖုန်းက

"လိပ်ပြာဆိုတာ ပါဠိဘာသာ အတ္တနဲ့ဇီဝကို ပေါင်းစပ် ထားတဲ့ စကားဗျ၊ လိပ်ပြာကို အသက်၊ ဝိညာဉ်လို့လဲ မှတ်ယူကြ တယ်၊ လိပ်ပြာနဲ့ပတ်သက်တဲ့ အယူအဆက အိန္ဒိယ ဖြဟ္မာဏ ဓိအကနေ မြန်မာပြည်ကိုကူးသန်းလာပုံရတယ်၊ လိပ်ပြာဟာ



www.burmeseclassic.com

www.burmeseclassic.com



ဖြဟ္မာကို ကိုးကွယ်တဲ့ အယူအဆနဲ့ ခန္ဓာအိမ်မှာ ငါကောင် ရှိတယ်ဆိုတဲ့ အယူအဆကနေ ဆင်းသက်လာပုံရတယ်၊ နောက်ပြီး လိပ်ပြာ ဟာ စုန်း၊ နတ်၊ ကဝေ အစရှိတဲ့ မှော်ပညာ၊ ပယောဂပညာကလဲ ဆင်းသက်လာပုံရတယ်၊ နောက်ပြီးတော့ လိပ်ပြာဟာ ခန္ဓာအိမ် ထဲ မှာရှိပြီး မအိုမနာ မသေနိုင်ဘဲ အမြဲတည်ရှိနေ နိုင်တယ်၊ ရုပ် တရားလဲ မဟုတ် ဘူး၊ နာမ် တရားလဲ မဟုတ်ဘူး လို့ ဆိုကြ တယ်၊ ခန္ဓာ အိမ်ပေါင်း ပျက်ဆီးရင် ခန္ဓာအိမ် အသစ်တစ်ခုကို ရှာဖွေ ကူးပြောင်းတယ်လို့လဲ အယူရှိတယ်၊ လိပ်ပြာ လို့ခေါ်တဲ့ အတ္တဟာ ခန္ဓာအိမ်ကို စိုးပိုင်ပြီး ခန္ဓာအိမ်ဟာ လိပ်ပြာရဲ့ အလို အရရှင်သန်ရတယ် လို့လဲဆိုတယ်၊ လူသေပြီး ဘဝသစ်ကို လိပ်ပြာပြောင်းတဲ့အခါ ဘဝပေါင်းက အမှတ်အသားပါလာတယ်လို့ယူဆကြတယ်၊ ဒါကြောင့်သေသူရဲ့ကိုယ်မှာ အိုး မည်း၊ ဆီချေးလိုဟာ မျိုးနဲ့ အမှတ်အသား





လုပ်ထားရင် ဘဝသစ်ကိုပြောင်းတဲ့အခါ အမှတ်အသားပါသွားတယ်လို့ ယူဆကြတယ်၊ အချို့သော လိပ်ပြာအနည်းစုဟာ ဘဝပေါင်း ကို သတိ ရပြီး အချို့လိပ်ပြာတွေ ကတော့ ဘဝပေါင်းကို သတိ မရကြဘူး တဲ့၊ ဒါအပြင် အင်း၊ အိုင်၊ ခါးလှည့်၊ ဆက်ဖွဲ့၊ မန္တရားနဲ့ ပတ်သက်ပြီး ရေးထားတဲ့ ကဝေကျမ်း၊ ဆေးကျမ်း၊ အင်းကျမ်း တွေမှာလဲ လိပ်ပြာအကြောင်းရေးထားတာ အံ့မခန်းဆန်းကြယ်လွန်းတယ်၊ အကြင်လင်မယားနဲ့ ချစ်သူတွေ ပေါင်းဖက် ကြတယ်ဆိုတာ လိပ်ပြာအချင်းချင်း ပေါင်းစပ်ကြလို့သာဖြစ်တယ်လို့အယူရှိတယ်၊ စုန်းနတ်ကဝေနဲ့ နှစ်ဆရာ၊ ပယောဂပညာရှင်တွေဟာ လိပ်ပြာလုတဲ့ လူကိုသာ ပူးဝင်လေ့





www.burmeseclassic.com



ရှိတယ်၊ ရောဂါဝေဒနာ ပြင်းထန်လွန်းလို့ ဓမ္မဖျော သွားတဲ့သူနဲ့ စုန်း၊နတ်၊ကဝေ၊ မြေ ဘုတ် စသည်တို့က ချောက် လှန့်လို့ ဓမ္မဖျောသွားတဲ့သူကို လိပ်ပြာစင်တယ်လို့ ခေါ်တယ်၊ နောက်ပြီးတော့ ဥစ္စာစောင့်၊ စုန်း၊ နတ်၊ကဝေနဲ့ ပယောဂဆရာတွေက လူတွေကို သတိကင်းမဲ့ အောင်လုပ်ပြီး ပညာစွမ်းနဲ့ လိုရာခေါ်သွားတာကို လိပ်ပြာနတ်တယ်လို့ ဆိုပြန်တယ်၊ ဥစ္စာစောင့်တွေကတော့ သူတို့လိုချင်တဲ့ လိပ်ပြာ ကို သိုက်ကို





ခေါ်သွားပြီး ရွှေငွေဥစ္စာပစ္စည်းတွေနဲ့ မြှူဆွယ်လေ့ရှိတယ်၊ မှော်ဆရာနဲ့ ပယောဂဆရာတွေက ချည် မန်းကွင်းလုပ်ပြီး မိမိ မြဲချုပ်ထားလိုသူရဲ့လည်ပင်းနဲ့လက်ကောက်ဝတ်ကိုစွပ်ထား ရင်လိပ်ပြာဖမ်းချုပ်တယ်လို့ခေါ်တယ်၊ နောက်ပြီးတော့အစောင့် အရှောက်ထားဖို့အတွက်နဲ့ လိုရာခိုင်းစေဖို့အတွက် အရုပ်တစ်ခု ကို ဂါထာမန္တရား အမျိုးမျိုးတွေရွတ်ပြီး အသက်သွင်းရတယ်၊ ဒီလိုလုပ်တာကို လိပ်ပြာအသက်သွင်းတယ်လို့ ခေါ်တယ်၊ နောက်ပြီးတော့ဓမ္မဖျောပြီး သေလုမျောပါးဖြစ်နေတဲ့သူရဲ့လိပ် ပြာကို ပြန်ခေါ်ရတယ်၊ လိပ်ပြာပြန် မခေါ်နိုင်ရင် လိပ်ပြာရှင်ဟာ ဘုန် လှုပ် ချောက်ချားမယ်၊ မနာမကျန်းဖြစ်မယ်၊ နောက်ဆုံး မှာ သေဆုံးသွားနိုင်တယ်လို့ ယူဆကြတယ်၊ ဒါကြောင့် လိပ်ပြာကို အစီအရင်တွေလုပ်ပြီး ပြန်ခေါ်တာကို လိပ်ပြာခေါ် တယ်လို့ ဆိုတယ်၊ သေဆုံးသွားတဲ့အမေနဲ့ ကျန်ရစ်တဲ့ ကလေးပဲဖြစ်ဖြစ်၊

www.burmeseclassic.com



မွေးချင်း ညီအစ်ကို မောင်နမထဲက ဖြစ်ဖြစ်တစ် ဇယောက်ယောက်သေဆုံးသွားရင်သေသူနဲ့ကျန်ရစ်သူတွေဟာ လိပ်ပြာတွေ ပူးကပ်နေတယ်လို့ ယူဆကြတယ်၊ ဒါကြောင့် သေသူနဲ့ကျန်ရစ်သူတွေကြားမှာ လိပ်ပြာတွေကို ခွဲပစ်ရတယ်၊ လိပ်ပြာမခွဲရင် ကျန်ရစ်သူဟာ နေမကောင်းဖြစ်ပြီး အသက်ဆုံးတတ်တယ်လို့ ယူဆကြတယ်၊ ဒါကြောင့် အစီအရင် အမျိုးမျိုး လုပ်ပြီး လိပ်ပြာခွဲပစ်တာကို လိပ်ပြာခွဲတယ်လို့ ခေါ်တယ်"

ဟုရှည်လျားစွာ ရှင်းလင်းပြလေ၏။ နေဝင်းသည် လိပ်ပြာနှင့် ပတ်သက်သော အလွန်ထူးခြားဆန်းကြယ်သော အကြောင်းအရာများကို စိတ်ဝင်တစားဖြင့် ဂုရက်တိုင်တိုင် သွားရောက်နားထောင် လေ၏။



နေဝင်းသည် တစ်ကိုယ်တည်း အထီးကျန်ဘဝကို ကျော်ဖြတ်ရင်း ဖနီးသည်ကို အစဉ်အမြဲ သတိရနေသဖြင့် စာရေးသားခြင်းအလုပ်ကို မလုပ်ကိုင်နိုင်တော့ချေ။

ထိုအခါ ရင်းနှီးကျွမ်းဝင်သူများက ခရီးရှည် ထွက်ပြီး မေ့နိုင်အောင် ကြိုးစားဖို့ ပြောသော်လည်း အနီးတွင် မရှိနေသလို ခံစားရသဖြင့် အိမ်တွင်းအောင်းလို့သာ နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခံစားရသဖြင့် အိပ်တွင်းအောင်းလို့သာ နေမိ၏။

ထို့ကြောင့် ညစဉ်ညတိုင်း အိပ်မက်ဆိုးများကိုသာ မြင်မက်ပြီး အိပ်ယာက လန့်နိုးနေလေ၏။

မေသည် သူ၏ ကိုယ်ပွားတစ်ခုနှယ် အနီးမှာ ရှိနေသည် ဟုထင်မိ၏။

တစ်ညတွင် နေဝင်း အိပ်ပျော်နေရာမှ ရုတ်တရက် လန့်နိုးလာပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ ဝရန်တာ တံခါး ကြီး ပွင့်နေပြီး အိပ်ခန်းထဲသို့ လေများ တဟူးဟူး ဝင်ရောက် နေကြောင်း တွေ့ရ၏။

နေဝင်းသည် ဝရန်တာ တံခါးပိတ်ရန် ကြံလိုက်သော အခါ ဝရန်တာတွင် ကျောခိုင်းရပ်နေသော မိန်းမ တစ်ယောက် ၏နောက်ကျောကိုမြင်လိုက်ရ၏။

ထိုမိန်းမ၏အဆင်းသဏ္ဌာန်သည်မေနှင့်အလွန်တူသဖြင့်





နေဝင်းသည် အလွန်စိတ်လှုပ်ရှားသွားပြီး

"မေ…မေ"

ဟုအော်ဟစ်ကာ အနီးသို့ပြေးသွားလေ၏။

နေဝင်းအနီးသို့ ရောက်သောအခါ မေ့မျက်နှာသည် ကြောက်မက်ဖွယ် အဆင်းသဏ္ဌာန်သို့ ပြောင်းလဲသွားသဖြင့် အထိတ်တလန့်အော်ဟစ်လိုက်မိ၏။

ထိုအခါမှပင် မိမိ အိပ်မက် မက်နေကြောင်း သိလိုက်ရ လေ၏။ မေသည် မိမိ၏ နလုံးအိမ်တွင် အစဉ်သဖြင့် လွှမ်းမိုးနေ လေ၏။

နေဝင်းသည် ချွေးသီးချွေးပေါက်များဖြင့် အိပ်ယာထဲမှ ထထိုင်လိုက်ပြီး

"မေ…မေ…ကိုယ့်ကို မနှိပ်စက်ပါနဲ့တော့ကွာ"

ဟုတတွတ်တတွတ်ရေရွတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



နေဝင်းသည် ထိုညက အိပ်မရသောကြောင့် ဆက်ပြီး အိပ်ရန် မကြိုးစားတော့ဘဲ ဖနီးဖြစ်သူ၏ အခန်းသို့ ထွက်ခဲ့၏။

အိပ်ခန်း တစ်ခုလုံး မေ ရှိစဉ်ကကဲ့သို့ ဟန်မပျက်ထား ရှိသဖြင့် နေဝင်းအတွက် အလွမ်းပြေ ကြည့်ရှုစရာ နေရာ တစ်ခု ဖြစ်၏။

နေဝင်းသည် အခန်းတံခါးကို တုန်ယင်သော လက်ဖြင့် ဖွင့်ရင်း အခန်းထဲတွင် မေ ရှိနေသယောင် ခံစားရလေ၏။

နေဝင်းသည် အခန်းဝရှိ မီးခလုပ်ကို ထောက်ခနဲ ဖွင့်လိုက်ပြီး ယခင်ကကဲ့သို့

"မေ....မင်းဘာလုပ်နေသလဲ"

ဟုယောင်ယမ်းပြီး မေးမိမတတ် ဖြစ်သွားလေ၏။

နေဝင်းသည် လွမ်းဆွတ်သော စိတ်ဖြင့် မှန်တင်ခုံသို့ သွားကာ မေ၏ အသုံးအဆောင် ပစ္စည်းကလေးများကို ထိတွေ့





ကိုင်တွယ်လိုက်ရင်း သတိရလွန်းသဖြင့် မေသည် တမလွန် အရပ်၌ အမှန်တကယ် ရှိနေမည် ဆိုလျှင် ထိုအရပ်သို့ လိုက်လံ ကြည့်ရှုချင်စိတ်များ ဖြစ်ပေါ်နေ၏။

နေဝင်းသည် အတန်ကြာလျှင် မှန်တင်ခုံရှေ့မှ ခွါလိုက်ပြီး မေ၏ ခုတင်ခြေရင်းရှိ ဗီရိုငယ်လေး ရှေ့၌ ထိုင်ချလိုက်၏။

ဗီရိုငယ်လေး၏ တံခါးကို အသာ ဖွင့်လိုက်ပြီး အံဆွဲကို ဖွင့်ရန်ကြံလိုက်သောအခါ အမျိုးအစားကောင်းသော သော့ဖြင့် ခတ်ထားကြောင်း တွေ့ရ၏။

နေဝင်းသည် သော့ခတ်ထားသော အံဆွဲကို မျက်မှောင် ကြုတ်ကြည့်ပြီး ပလာယာဖြင့် သော့ကို ဖျက်လိုက်၏။

ထိုအခါ အံဆွဲထဲတွင် ရှေးအငြိမ့်မင်းသမီး မြနှင်းဆီ၏ ဝါကျင်နေသော ဓာတ်ပုံများနှင့် မင်းသမီး မြနှင်းဆီ အငြိမ့်က ရင်း အငြိမ့်ပွဲမှ ပျောက်ဆုံးသွားကြောင်း သတင်းစာ ဖြတ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုတွေ့ရ၏။ ထိုပြင် မေ့ဂလက်ရေးဖြင့် ရေး ထားသော စာတစ်စောင်ကို မြင်ရသဖြင့် ယူပြီး ဖတ်ကြည့်လိုက်ရာ

"ရှင်နဲ့ကျွန်မ အခုလို တိတ်တခိုးတွေ့ဆုံနေတာ ကျွန်မ ယောက်ျား ရိပ်မိသွားပြီလား မသိဘူး။ ဒီကိစ္စကို သူသိလို့ လုံးဝ မဖြစ်ဘူး၊ အန္တရာယ် သိပ်ကြီးတယ်၊ သူသိရင် ကျွန်မတို့ မိသားစု ဘဝပျက်သွားလိမ့်မယ်၊ ဒါကြောင့် မဟာမြိုင်ကို ကျွန်မဒီအပတ် မလာတော့ဘူး၊ နောက်အပတ်မှာ ကျွန်မတို့ ဆုံကြမယ်နော်... ရှင် ကျွန်မအတွက် ကြိုးစားပေးတာ သိပ်ကျေးဇူး တင်ပါတယ်"

ဟုရေးသားထားလေ၏။

နေဝင်းသည် စာကိုဖတ်ပြီး မျက်လုံးများ ပြာဝေသွားကာ

"သူစိမ်းယောက်ျားတစ်ယောက်နဲ့ ကိုယ်မသိဘဲ ဘာလို့ တိတ်တဆိတ် တွေ့ရတာလဲမေ၊ ဒီအကြောင်းကို မင်းဘာလို့ ကိုယ့်ကိုအသိမပေးတာလဲ၊ မင်းနဲ့ တွေ့နေတဲ့ သူစိမ်းယောက်ျား





www.burmeseclassic.com

www.burmeseclassic.com



ကဘယ်သူလဲ၊ကိုယ့်ကိုပြောပါမေ..ပြောစမ်းပါ..မင်းကိုယ်မသိအောင် ဘာတွေ လျှို့ဝှက်ပြီး လုပ်နေတာလဲ"

ဟုအရူးတစ်ယောက်ကဲ့သို့ တတွတ်တွတ်ရေရွတ်နေမိ၏။

နေဝင်းသည် မေ၏ သံသယဖြစ်ဖွယ် စာကို မြင်သည့်အချိန်ကစပြီး မဟာမြိုင်သို့ သွားရောက်ချင်စိတ်များ ဖြစ်ပေါ်လာ၏။

မေမဆုံးမီမဟာမြိုင်သို့အကြိမ်ကြိမ်အခါခါသွားရောက်ပြီး ရှေးအငြိမ့်မင်းသမီး မြနှင်းဆီ၏ ပုံရိပ်များကို ရေးဆွဲ နေခဲ့၏။

မေသည် ပန်းချီ ရေးဆွဲခြင်းကို အကြောင်းပြုပြီး မဟာမြိုင်သို့ မကြာခဏ သွားရောက်ကာ သူစိမ်းယောကျာ်း တစ်ယောက်နှင့်ဖောက်ပြန်နေခြင်းပေလော..ထိုသို့ ဖောက် ပြန်နေသည် ဆိုလျှင် မေ၏ အံဆွဲထဲတွင် အငြိမ့်မင်းသမီး မြနှင်းဆီ၏





ဓာတ်ပုံများနှင့် မင်းသမီး မြနှင်းဆီ ပျောက်ဆုံးသွားသော ရှေးခေတ် သတင်းစာများကို အဘယ်ကြောင့် သိမ်းဆည်း ထားသနည်း.. မြနှင်းဆီ ဆိုသော မိန်းမကို အဘယ်ကြောင့် ယခုလောက် စွဲလမ်းနေသနည်း..မေနှင့် တိတ်တဆိတ် တွေ့ဆုံသော ယောကျာ်းသည် မည်သူနည်း..ထိုအချိန်ကစပြီး နေဝင်းသည် မေ မဆုံးမီ မဟာမြိုင်မှာ ဖြစ်ပျက်ခဲ့သည့် အကြောင်း အရာများကို သိချင်စိတ်များ တဖွားဖွားပေါ်လာ၏။ ထို့ကြောင့် မဟာမြိုင်သို့ အမြန်ဆုံး သွားရောက်ရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည်ရက်ပိုင်းအတွင်း မဟာမြိုင်အိမ်ကြီးသို့ သွားရောက်ခဲ့လေ၏။

နေဝင်း ရောက်ရှိသောနေ့တွင် ခရီးပန်းလာသဖြင့် မေး ခနဲ အိပ်ပျော်သွားလေ၏၊ အိပ်ယာမှ ပြန်နိုးလာသောအခါ အိမ်ကြီးတစ်ခုလုံး ချောက်ချားဖွယ်အမှောင်ဖုံးလွှမ်းနေလေ၏။





နေဝင်းသည် အိပ်ရာပေါ်မှ ထထိုင်လိုက်ပြီး အိမ်ကြီး၏ ရေန်တာမှ မြေပြင်သို့မျှော်ကြည့်လိုက်ရာ မြေပြင် တစ်နေရာ တွင် အိမ်ဆီသို့ လှမ်းကြည့်နေသော မိန်းမတစ်ယောက်၏ သဏ္ဍာန်ကို မြင်ရ၏။

ထိုမိန်းမသည် ရှည်လျားသော ဆံပင်များရှိပြီး အဖြူ ရောင် ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် မေနှင့် ဆင်တူ၏။

နေဝင်းကမျက်မှောင်ကြုတ်ပြီး

"မေ"

ဟုတိုးတိုးရေရွတ်လိုက်ရာ ထိုမိန်းမသည် အမှန်ပင် မေ ဖြစ်နေလေ၏။

နေဝင်းသည် သေဆုံးပြီးသော မေ့ကို အရှင်လတ်လတ် တွေ့လိုက်ရသဖြင့် တုန်လှုပ်ချောက်ချားသွားပြီး

"မေ..မေ.."



www.burmeseclassic.com

www.burmeseclassic.com






ဟုအော်ဟစ်ကာ အိမ်ကြီး၏အပေါ်ထပ်မှ ပြေးဆင်း သွားခါ၊

ထိုအခါ မေသည် အိမ်ကြီး အနီးရှိ ချောက်ထဲသို့ ဦးတည် လျှောက်လှမ်းသွားလေရာ နေဝင်းက

"မေ...မေ ရှေ့ကို မသွားနဲ့ ချောက်ထဲကျမယ်"

ဟုအော်ဟစ်တားဆီးလေ၏။

သို့သော် မေက ချောက်၏အစပ်သို့ မကြောက်မရွံ့ လျှောက်လှမ်းသွားပြီး နေဝင်း ရှိရာသို့ သမင်လည်ပြန်လှည့် ကြည့်ကာ ချောက်ထဲသို့ ခုန်ချလိုက်၏။

နေဝင်းဟာ

"မေ...မေ"

ဟု အသံကုန်အော်ဟစ်ပြီး ချောက်ရှိရာသို့ ပြေးလိုက်ရင်း အိပ်မက်မှ လန့်နိုးလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် မိမိအိပ်မက်မက်နေကြောင်း သိရှိသွားလေ၏။

နေဝင်းသည် မေနှင့် ပတ်သက်သော အိပ်မက်များကို မြင်မက်နေရာမှ မဟာမြိုင်အိမ်ကြီးနှင့် ပတ်သက်သော အိပ်မက်ကို ပထမဆုံး စတင်မြင်မက်ခြင်း ဖြစ်၏။

နေဝင်းသည် မဟာမြိုင်အိမ်ကြီးသို့ အမြန်ဆုံးသွားရန် ဆုံးဖြတ်ချက် ပိုမို ခိုင်မာသွားလေ၏။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ နေဝင်းသည် မဟာမြိုင် အိမ်ကြီး ရှိရာမြို့ရှိ လက်သမားဆရာကြီး ဦးမိုးထံသို့ဖုန်းဆက်လိုက်၏။

ဦးမိုးသည် နေဝင်း၏ဖခင်ရှိစဉ်ကပင်မဟာမြိုင်အိမ်ကြီး၌လက်သမားအလုပ်ကိုလာရောက်လုပ်ကိုင်ပေးနေသူဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com



ဦးမိုး ဖုန်းလာကိုင်သောအခါ

" ကျုပ် မဟာမြိုင်မှာ လာနေဖို့ ဆုံးဖြတ်လိုက်ပြီ၊ အိမ်မှာ လိုအပ်တာတွေ အားလုံးပြင်ပေးပါ "

ဟုပြောလိုက်လေရာ ဦးမိုးက သက်ပြင်းချပြီး

"မဟာမြိုင်အိမ်ကြီးကတော့ ကောင်းပါသေးတယ် ပြင်စရာ သိပ်မရှိပါဘူး ဒါပေမဲ့ ဆရာလာနေရင် အသင့်ဖြစ် အောင် ပြင်ထားပါ့မယ်"

ဟုပြောလေ၏၊ ထိုအခါ နေဝင်းက ဖုန်းကိုချလိုက်ပြီး ရင်ထဲတွင် ဆို့နင့်စွာဖြင့်

"ကိုယ်လုပ်တာမှန်တယ်မဟုတ်လားမေရယ်...မေနဲ့ပြန် တွေ့ရဖို့ ကိုယ်ဘာမဆို လုပ်ဖို့ ဝန်မလေးပါဘူး"

ဟု တီးတိုး ပြောလိုက်လေ၏၊

နေဝင်း၏ စာအုပ်ထုတ်ဝေသူ ဦးသီလသည် နေဝင်း





ဟာမြိုင်သို့ သွားမည့်အကြောင်းကြားသိသောအခါ

"ဆရာရယ်...ကျုပ် ကိုယ်ချင်းမစာလို့ ပြောတာမဟုတ် ဘူး၊ သေသောသူ ကြာရင်မေ့ဆိုတဲ့ စကားလည်းရှိတယ်၊ နဲ့ပတ်သက်တာတွေကိုတတ်နိုင်သမျှမေ့ပြီး စာကိုသာကြိုး စားရေးစေချင်တယ်၊ ဆရာ စာမရေးတာလဲ တော်တော်ကြာ နေပြီ"

ဟုတားဆီးလေရာ နေဝင်းက ခေါင်းခါယမ်းပြီး

"ကျုပ်ရင်ထဲမှာ မရှင်းလင်းတဲ့ ပြဿနာတွေ ရှိနေ သေး တယ်၊ ဒါတွေမပြေလည်သေးဘဲ ကျုပ်အနုပညာတွေဖန်တီးလို့ မဟုတ်ဘူး"

ဟုပြောလိုက်ရာ ဦးသီလသည် နေဝင်းကို ကရုဏာ သက်ဟန်ဖြင့်ကြည့်လိုက်ပြီး ခေါင်းခါယမ်းလိုက်လေ၏၊



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် တစ်ပတ်ကြာသောအခါ အော်စတင်ကားကို ဆီဖြည့်ပြီး မဟာမြိုင်သို့ ထွက်ခဲ့လေ၏။

မဟာမြိုင်သည် ရန်ကုန်မြို့နှင့် မိုင် တစ်ရာဝန်းကျင်ရှိ ဝေးသော ရန်ကုန် - မန္တလေး လမ်းပေါ်တွင် တည်ရှိလေ၏။

နေဝင်း၏ကားမဟာမြိုင် ရှိရာ မြို့သို့ ရောက်သောအခါ ညမှောင်ရီသန်းစ ပြုနေလေ၏။

နေဝင်းသည်မြို့ကလေးအတွင်းသို့ကားကိုဖြေးညှင်းစွာ





မောင်းနှင်သွားလေ၏။ မဟာမြိုင် ခြံသည် မြို့စွန် လူရှင်းသောအရပ်၌ရှိပြီးမြေနီလမ်းကို ကားချိုးကွေ့လိုက်သောအခါ ကားမီးရောင်ဖြင့် ရှေးဆန်သော ခြံတံခါးကြီးကို ဘွားခနဲ မြင်တွေ့ရလေ၏။

နေဝင်းသည် ကားပေါ်မှ ဆင်းပြီး ခြံတံခါးကိုဖွင့်ကာ ကားကိုခြံကြီးထဲသို့ မောင်းဝင်လိုက်၏။

ခြံထဲသို့ ရောက်သောအခါ အိမ်ကြီး၏ အနောက်ရှိ ချောက်ကြီးရှိရာကို ကြည့်ပြီး လွန်ခဲ့သော ရက်က အိပ်မက်ကို သတိရကာ ကြက်သီးဖြန်းခနဲ ထသွားလေ၏။

နေဝင်းသည် အိမ်ကြီး၏ တံခါးသော့ကို ဖွင့်ပြီး ရှေးဟောင်း တံခါးကြီးကို ကျွီခနဲ တွန်းဖွင့်လိုက်၏။

ထိုအခါ အခန်းထဲတွင် မေ ၏အရိပ်အငွေ့များ ခံစားရပြီး ခြံထဲတွင် ပူဆွေးသောက ဖြစ်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com






နေဝင်းက မီးခလုပ်ကို ဖွင့်ပြီး

"မေ... ဒီအိမ်ကြီးမှာ မင်းရှိနေသလား"

ဟု အရူးတစ်ယောက်လို မေးလိုက်မိ၏။

ထိုအခိုက်မှာပင် အိမ်ကြီး၏ ဧည့်ခန်းရှိ ဆွဲလွဲလေးမှ လေတိုက်သံ မကြားရဘဲ ရွှမ်ခနဲ မြည်သံ ကြားလိုက်ရလေ၏။

နေဝင်းသည် တရုတ်တန်းရှိ ရှေးဟောင်း ပစ္စည်းအရောင်းဆိုင်မှ မေနှင့်အတူ ဆွဲလွဲလေး ဝယ်ယူခဲ့ပုံကို အမှတ်ရ၏။

မေသည် ဆွဲလွဲလေးကို မြတ်နိုးလွန်းသဖြင့် မကြာခဏ ချုပ်ခတ်ကာစားလေ့ရှိပြီး

"တကယ်လို့ မပြောကောင်း မဆိုကောင်း မေများ သေသွားလို့ရှိရင် ကိုယ့်ကို ဒီဆွဲလွဲလေး လှုပ်ခပ်ပြီး လာဆက်သွယ် ယ်နော်"

ဟုဆိုခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



နေဝင်းသည် မေ့ စကားကို အမှတ်ရပြီး ဆွဲလွဲလေးအနီးသို့ စိတ်အား တက်ကြွစွာဖြင့် တိုးကပ်သွားပြီး

"မေ..မေလားဟင်..ကိုယ့်ကို ပြောပါဦး၊ မေ ကိုယ်နဲ့အတူရှိနေသလား"

ဟုမေးမြန်းလိုက်ရာ ဆွဲလွဲလေးသည် လှုပ်ခတ်ခြင်းမရှိဘဲ ငြိမ်သက်နေလေ၏။

နေဝင်းသည် ဆွဲလွဲလေးကို အတန်ကြာအောင် စောင့်ကြည့်ပြီး၊ သက်ပြင်းရှည်ကြီးကို ချကာ အပေါ်ထပ်သို့ ပြန်တက်ခဲ့လေ၏။

နေဝင်း အိမ်ပေါ်ထပ်လှေခါးပေါ်သို့ အရောက်တွင် ဆွဲလွဲလေးသည် ရွှင်ရနဲ့ မြည်ပြီး လှုပ်ခပ်သွားလေ၏။



နေဝင်းသည် အိပ်ခန်းထဲသို့ ရောက်သောအခါ စာရေးစွဲ[?]များကို လှန်လှော ကြည့်ပြီး မေကိုယ်တိုင် ခံရကာက်ကြောင်း လိုက်ထားသော ပန်းချီပုံလေး တစ်ခုကို မြင်ရသဖြင့်နှာ်ထဲတွင် ညှိုးနွမ်းသွားပြန်၏။

မဟာမြိုင်အိမ်ကြီးသို့လာရောက်ခဲ့ခြင်းသည် မှားယွင်းမှုတစ်ခုပေလော..မိမိကြည့်လေရာမြင်လေရာ မေ့မျက်နှာကိုမြင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ယောင်နေလေ၏။

နေဝင်းသည် အိပ်မပျော်နိုင်သဖြင့် အိပ်ယာမှ ထပြီး ပြတင်းပေါက် ခန်းဆီးမှ အိမ်ပြင်သို့ ကြည့်လိုက်ရာ ကားဂိုဒေါင်ကို ပန်းရှိုဆွဲရန် အသုံးပြုထားသော မေ၏ပန်းရှိုစတူဒီယိုကို တွေ့ရ၏။

မဟာမြိုင်သို့မေရောက်သည့်အချိန်တိုင်း ထိုစတူဒီယို၌ ပန်းချီဆွဲလေ့ရှိ၏။

နေဝင်းသည် စတူဒီယိုကို ကြည့်ပြီး မေ ပန်းချီဆွဲနေပုံကို ပြန်လည် မြင်ယောင်လာ၏။ ထို့ကြောင့် အိမ်ပေါ်ထပ်မှ ဆင်းသွားပြီး ပန်းရှိုစတူဒီယို သို့ ရောက်ရှိသွားလေ၏။

စတူဒီယို တံခါးဝ၌ မဟာမြိုင်ပန်းရှိုစတူဒီယို ဟုရေးထိုးထားလေ၏။

မဟာမြိုင်သို့ရောက်တိုင်း ထိုပန်းချီခန်းလေး၌ မေ ကိုယ်






www.burmeseclassic.com

www.burmeseclassic.com



တိုင် ပန်းချီကား များစွာကိုဖန်တီးခဲ့၏။

နေဝင်းက အခန်း မီးလုံးကို ဖွင့်လိုက်သောအခါ နံရံတွင် ထောင်ထားသော အငြိမ့်မင်းသမီး တစ်ယောက် ကပြနေတန် ပန်းချီကားကို တွေ့ရ၏။

အငြိမ့်မင်းသမီး၏ မျက်နှာမှာ မြန်မာဆန်ပြီး ပုရိသ တို့ကို ဆွဲဆောင်နိုင်သော မျက်ဝန်းများ ရှိလေ၏။ နေဝင်းသည် ပန်းချီကားထဲရှိ အငြိမ့်မင်းသမီးကို စူးစိုက် ကြည့်ပြီး ရင်ထဲတွင် နားလည်ရခက်သော ဝေဒနာ တစ်မျိုးကို ခံစားလိုက်ရ၏။

ထိုအခန်း ထိုစုတ်တံ ထိုပန်းချီကားတို့တွင် မေ၏ အရိပ်အငွေ့များ ပြည့်လျှံနေပြီး မေကိုယ်တိုင် အနားမှာ ရှိနေသယောင် ခံစားလိုက်ရ၏။

နေဝင်းသည် ရင်ထဲတွင် ဆို့နစ်ကြေကွဲလာသဖြင့် ပန်းချီစတူဒီယိုထဲတွင် ဆက်မနေတော့ဘဲ အိမ်ပေါ်ထပ်သို့ ပြန်တက်





ခဲ့၏။

ထို့နောက် စာကြည့်ခန်းထဲတွင် ထိုင်ပြီး မေ့အပေါ် လွမ်းဆွတ်သောစိတ် လျော့ပါးစေရန် စာရေးစက္ကူများကို ထုတ်ပြီး စာရေးဖို့ ကြိုးစားလေ၏။

သို့သော် မျက်လုံးထဲတွင် မေ့မျက်နှာမြင်ပြီး နားထဲတွင် မေ့အသံကို သာကြားနေသဖြင့် စာရွက်များကို လုံးခြေလိုက်ရသာ

"မေရယ်..ကိုယ်ဘာရေးရမှာလဲ ပြောစမ်းပါ..ကိုယ့်ခေါင်းထဲမှာ စာတစ်လုံးမှ မထွက်ဘူး"

ဟုတီးတိုး ရေရွတ်လိုက်မိ၏။ ထိုအခိုက်မှာပင် တချွင်ချွင်မြည်သော ဆွဲလွဲသံကို ထူးဆန်းစွာ ကြားလိုက်ရသဖြင့် စာရေးခန်းမှ ထကာ အိမ်အောက်ထပ်သို့ ဆင်းခဲ့၏။

အိမ်အောက်ထပ်သို့ ရောက်သောအခါ ဧည့်ခန်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



လေမတိုက်ဘဲ တချွင်ချွင်မြည်နေသော ဆွဲလွဲလေးကို မြင်ရ၏။

နေဝင်းသည် ဆွဲလွဲလေးကို ကြည့်ပြီး

"မေ မရှိရင် ကိုယ်စာရေးလို့ မရဘူး"

ဟုတီးတိုးရေရွတ်လိုက်မိ၏။ နေဝင်းသည် ထိုညကစာကို ဖွတ်မိုတ်ပြီး ရေးသော်လည်း စိတ်တိုင်းကျ ထွက်မလာဘဲ တစ်ရွက်ပြီး တစ်ရွက် စုတ်ဖြဲ ပစ်ရလေ၏။

ထို့နောက် စာရေးရင်း မျက်လုံးများ မှေးစင်းလာသဖြင့် စာရေးစားပွဲပေါ်တွင်ပင် အိပ်ပျော်သွားလေ၏။



နောက်တစ်နေ့ နေဝင်းအိပ်ယာက နိုးသောအခါ နေဝင်း…ခင်ကြီး လက်ထက်ကပင် ရင်းနှီးခဲ့သော လက်သမား…ဆရာကြီးဦးမိုး ရောက်ရှိလာ၏။

ဦးမိုး အိမ်ထဲသို့ ရောက်သောအခါ နေဝင်း၏ မျက်နှာကို …သေချာစွာ ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကိုကြည့်ရတာ ဆရာ့အဘိုး ဦးရွှေကြိုင်နဲ့ သိပ်တူတာပဲ"

ဟုမှတ်ချက်ချလေရာ စိုးအောင်သည် ငယ်စဉ်က အဘိုးနှင့်အတူ မဟာမြိုင် အိမ်ကြီးတွင် နေထိုင်ခဲ့ခြင်းကို သတိရနေလေ၏။

ဦးမိုးက အိမ်ကြီး၏ ညှိခန်းတစ်ခုလုံး မျက်လုံး ဝေ့ကြည့်လိုက်ပြီး

"လိုအပ်တာ ရှိရင် ပြောပါဆရာ"

ဟုပြောလိုက်ရာ နေဝင်းက သက်ပြင်းချပြီး

"မဆိုးပါဘူး၊ခင်ဗျားတော်တော် ပြုပြင်ထားတာပဲ အားလုံးပြည့်စုံပါတယ်၊အိမ်သန့်ရှင်းရေးလုပ်ဖို့အမျိုးသမီးတစ်ယောက်လွှတ်ပေးပါ"

ဟုပြောလေရာ လက်သမား ဆရာကြီးဦးမိုးက





"ဆရာ့ မိန်းမ မဟာမြိုင်လာတိုင်း ခေါ်တဲ့ မိန်းမကို လွှတ်ပေးမယ်"

ဟုပြောလေရာ နေဝင်းသည် မေ့ မျက်နှာကို မြင်ပြီး ခေါင်းထဲတွင် ညှိုးနွမ်းသွားလေရာ လက်သမားဆရာကြီး ဦးမိုးက စိတ်မကောင်းဟန်ဖြင့်

"ဆရာ့ မိန်းမဲ ဆုံးတာ ကြားရတော့ ယုံတောင်မယုံနိုင်ဘူး စိတ်မကောင်းပါဘူးဗျာ"

ဟုပြောရင်း အိမ်တွင် တခဏသာ နေထိုင်ပြီး အလိုက်အသိမြန်လည်ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် ခဏကြာလျှင် ဇိုက်ထဲတွင် ဆာလောင်လာသဖြင့်နံနက်စာ စားရန် မဟာမြိုင်အိမ်ကြီးမှ ထွက်ခဲ့လေ၏။

ထို့နောက် မြို့မြင် ဆုတောင်းပြည့်ဘုရား အနီးရှိ ရေကန်ကြီးသို့ ရောက်ရှိသွားလေ၏။

နေဝင်းသည်ကြာပန်းများဖူးပွင့်နေသော ရေကန်ကြီးကို





ကြည့်ပြီး ငယ်စဉ်က ဖခင်ကြီးနှင့် အတူ ဘုရားဖူးရင်း ရေကန်ကြီး အနီးရှိ အကြော်ဆိုင်တွင် အကြော်စားခဲ့ပုံကိုမြင်ယောင်မိလေ၏။

ရေကန်ကြီး၏အနီးပတ်ဝန်းကျင်တွင် သစ်ရိပ်ဝါးရိပ်များနှင့် အေးမြနေပြီး အရိပ်အာဝါသ ကောင်းစွာ ရရှိနေလေ၏။

ငယ်စဉ်က စားသောက်ခဲ့သော အကြော်ဆိုင်ကိုမူမတွေ့ရတော့ချေ။ ရေကန်၏ တစ်နေရာသို့ ရောက်သောအခါ မိန်းမတစ်ယောက်က ရေထဲသို့ လက်ညှိုးညွှန်ပြီး

"ကလေး ရေနစ်နေလို့ ကယ်ကြပါရှင်… ကယ်ကြပါရှင်"

ဟု ကျယ်လောင်စွာ အော်ဟစ်နေပုံကို မြင်တွေ့ရ၏။

နေဝင်းသည် ရေလယ်သို့ကြည့်လိုက်သောအခါ ရေနစ်နေသော ကလေးတစ်ယောက်၏ သဏ္ဍာန်ကို မြင်တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ကလေးအသက်ကိုကယ်ရန်ကားပေါ်မှဆင်းပြီး ရေနစ်နေသော ကလေး ရှိရာသို့ ကူးခတ်သွားလေ၏။

ရေလယ်ရှိ ကလေးအနီးသို့ ရောက်သောအခါ ကလေးကိုကယ်ဆယ်ပြီးကန်စပ်သို့ပြန်လည်ကူးခတ်လာခဲ့၏။

ကန်စပ်သို့ ရောက်သောအခါ ကလေးကို ပခုံးပေါ်တွင်ထမ်းပြီး ပြေးကာ ဗိုက်ထဲရှိ ရေများ အန်ချအောင် ပြုလုပ်ရလေ၏။

ကလေးသည် ရေများ အန်ချပြီးသောအခါ ထိတ်လန့်ဟန်ဖြင့် ငိုယိုနေလေ၏။ ကလေး၏ မိခင်က ကလေးကိုနစ်သိမ့်ရင်း

"ကျွန်မ သမီးရဲ့အသက်ကိုကယ်ပေးတာ ကျေးဇူးတင်ပါတယ် ဆရာရယ်..."

ဟုဆိုလိုက်ရာ နေဝင်းက မိန်းမကို အံ့သြဟန်ဖြင့်ကြည့်






www.burmeseclassic.com

www.burmeseclassic.com



ပြီး

"ကျုပ်က စာရေးဆရာဆိုတာ သိလို့လား"

ဟုမေးမြန်းလိုက်ရာ ကလေးမိခင်က ခေါင်းညိတ်ပြီး

"ဒီမြို့လေးက ကျဉ်းကျဉ်းလေးပါ ဆရာရယ်.. အပ်

တာကအစ သိနိုင်ပါတယ်၊ ဆရာဒီမြို့ကို မနေ့က ရောက်တ

ဆိုတာ ကျွန်မသိပါတယ်၊ နောက်ပြီး ကျွန်မက ဆရာ့ ပရိသ

ပါ"

ဟုဆိုလိုက်ရာနေဝင်းက သက်ပြင်းချပြီး ကလေး

ကို သေချာစွာကြည့်လိုက်ရာ မိန်းမချော တစ်ယောက် ဖြစ်

သတိပြုမိလိုက်လေ၏၊

ကလေးမိခင်က

"ကျွန်မ နံ့မည် မအိမ်သူ လို့ခေါ်ပါတယ်၊ ဒီမြို့မှာ

ကျွန်မက နံ့မည်ကြီး တစ်ယောက်ပါ"





ဟုဆိုလိုက်ရာနေဝင်းက မအိမ်သူကို အံ့ဩဟန်ဖြင့်

ကြည့်ပြီး

"ဘာယ်လိုနံ့မည်ကြီးတာလဲ"

ဟုမေးမြန်းလိုက်၏၊ မအိမ်သူက နေဝင်း၏ အမေးကို

မဖြေသေးဘဲ

"ဖြေးဖြေးဆေးဆေး ရောက်တော့မှ ကျွန်မ ဆရာ့ကို

ရှင်းပြပါ့မယ်၊ လောလောဆယ်တော့ ကျွန်မတို့ ပြန်မှ ဖြစ်မယ်၊

ဆရာနဲ့ကလေး နှစ်ယောက်စလုံး ရေတွေ စိုရွှဲနေ တယ်"

ဟုဆိုလိုက်ရာ နေဝင်းကခေါင်းညိတ်ပြီး

"ကောင်းပါပြီ၊ ကျုပ်သွားတော့မယ်၊ဒါပေမဲ့ မအိမ်သူ

တို့သားအမိကို ကျုပ်လမ်းကြုံ ခေါ်သွားမယ်၊ ကားပေါ်တက်ပေ

တော့"

ဟုဆိုလိုက်ရာ မအိမ်သူက သက်ပြင်းချပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကားကြုံခေါ်တာ ကျေးဇူးတင်ပါတယ်ဆရာ၊ ဒါပေမဲ့ ကျွန်မ ကားပေါ်လိုက်ရင် ဆရာသိက္ခာ ကျနေပါ့မယ်"

ဟုငြင်းဆန်လေရာ နေဝင်းက အနီးတွင် ဝိုင်းအုံကြည့်နေသော လူများကို မျက်လုံးဝေ့ကြည့်ပြီး

"ရေနစ်ပြီး အအေးမိနေတဲ့ ကလေးတစ်ယောက်ကို ကျုပ် ကားနဲ့လိုက်ပို့ပေးတာ၊ သိက္ခာတချစရာလား။ လူစိတ်မရှိတဲ့ လူတွေမှ သိက္ခာကျတာဗျ၊ ကဲ... ကားပေါ်တက်ပါ"

ဟု ဇိတ်ခေါ်လိုက်ရာ မအိမ်သူသည် နေဝင်းကို မျက်လုံးရွဲကြီးနှင့် ကြည့်ပြီး ကားပေါ်တက်လိုက်လာ၏။ မအိမ်သူက ကားပေါ်ရောက်သောအခါ

"ဒီနေ့ကျွန်မသမီးရဲ့ မွေးနေ့လေ၊ မွေးနေ့မှာ သမီးကို ဆုတောင်းပြည့်ဘုရား လိုက်ပို့ရင်း ရေကန်ထဲကို ကြာတွေကို လိုချင်လို့ ဆင်းခူးပြီး ရေနစ်ရတာပဲ"





ဟုပြောလေ၏။

ခဏကြာလျှင် သစ်သားပျဉ်ထောင်အိမ်ကလေးရှေ့၌ မအိမ်သူက ကားကို ရပ်ခိုင်းလေ၏။

နေဝင်းက ကားကိုရပ်တန့်ပေးလိုက်ပြီး ကလေးကို ကားပေါ်မှ ချီပွေ့ပြီး ချပေးလေ၏။ မအိမ်သူက အိမ်တံခါးကို ဖွင့်လိုက်ရင်း

"အိမ်မှာ ကျွန်မတို့ သားအမိ နှစ်ယောက်တည်း ရှိတယ်၊ ဆရာ အိမ်ကို လာလည်ပါဦးနော်"

ဟုဆိုလိုက်ရာ နေဝင်းက ခေါင်းညိတ်ပြီး

"ကျုပ်လာလည်ပါ့မယ်၊ ကလေးကို အအေးမမိအောင် ပွေ့ပိုက်ဦးနော်"

ဟုသတိပေးပြီး ထိုအိမ်မှ ထွက်ခွာလာခဲ့၏။

မိန်းမချောလေး မအိမ်သူသည် ထိုအိမ်၌ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း နေထိုင်သည်ဆို၏။ သူမ၏ လင်ယောကျ်ားနှင့် အမျိုး

အဆွေများ မည်သည့်အရပ်သို့ ရောက်ရှိနေသည် မသိချေ။

မအိမ်သူ၏ ရုပ်ဆင်းသဏ္ဌာန် ဖြူဝင်းဝင်းပပြီး ချွဲဆောင်

အား ကောင်းလှ၏။ ထို့ပြင် သူမနှင့် ဆုံတွေ့သည့်အတွက် မိမိ

ဂုဏ်သိက္ခာ ကျဆင်းမည်ဟု ဆိုနေလေ၏။

မအိမ်သူသည် အသိရခက်သော မိန်းကလေး

ယောက်ဟု မှတ်ချက်ချမိ၏။

နေဝင်းသည် နံနက်စာ စားသောက်ရန် အိမ်မှ ထွက်

သော်လည်း ရေနစ်နေသော ကလေးကို ကယ်တင်လိုက်

သဖြင့် တစ်ကိုယ်လုံး ရေများ စိုရွှဲနေလေ၏။

ထို့ကြောင့်သည် အိမ်သို့ တစ်ဖန်ပြန်ပြီး အဝတ်အစား

ကာ မြို့ထဲသို့ပြန်ထွက်ခဲ့လေ၏။



မြို့လယ်ဈေးအနီးတွင် ကားကို တစ်ပတ်ပတ်ပြီးသော

အခါ ပီသားစုထမင်းဆိုင် ဆိုသော ဆိုင်းဘုတ်ကို တွေ့သဖြင့်

ဆိုင်ထဲသို့ဝင်ခဲ့လေ၏

ဆိုင်ထဲတွင် လူရှင်းနေပြီး ဆိုင်ရှင်လူကြီးက ဖော်ရွေ

သဖြင့်

"လာပါ မောင်ရင်၊ မောင်ရင်လို နုံမည်ကြီး တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုကျုပ်တို့မြို့က ကြိုဆိုပါတယ်ဗျာ"

ဟုဆိုလိုက်ရာ နေဝင်းသည် မိမိ၏သတင်း မြို့ထဲတွင် ပြန့်နှံ့နေပြီ ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။

ထိုမြို့ကလေးသည် ကျဉ်းမြောင်းလှသဖြင့် သတင်း တခဏချင်း ပြန့်နှံ့သွားပုံရ၏။ ဆိုင်ရှင်လူကြီးကဝက်သားနှင့် ချဉ်ပေါင်ဟင်းကို ပြင်ဆင်ပေးရင်း

"လူ့အသက် တစ်ချောင်း ဆိုတာ ကယ်ကောင်းပါတယ် မောင်ရင်ရယ်...ကုသိုလ်လဲရပါတယ်၊ ကလေးက အမေမွေးတဲ့ အသက် မရှိတော့ဘူး၊ မောင်ရင်ပေးတဲ့ အသက်ပဲ ရှိတော့ တယ်"

ဟု ချီးမွမ်းလိုက်ရာ နေဝင်းက သက်ပြင်းချပြီး

"ကျုပ်လဲ ဆုတောင်းပြည့်ဘုရားဘက် မမျှော်လင့်ဘဲ ရောက်ရင်းကလေးရေနစ်တာ မြင်လို့ကယ်လိုက်မိတာပါ"





ဟုပြန်လည်ပြောဆိုလေ၏။

ထိုအခါ ဆိုင်ရှင် အဒေါ်ကြီးက ပြောင်းဖူးဖက် ဆေးလိပ် ကိုဖွာပြီး

"ကလေးသာ တစ်ခုခု ဖြစ်ရင် ကလေးအမေ ရင်ကျိုးမှာ သေချာတယ်၊ ကောင်မလေး ခမျာ ကံဆိုးမသွားရာ မိုးလိုက်ရွာ သလို ဖြစ်သွားမယ်"

ဟု ဝင်ရောက် ပြောဆိုလေ၏။ နေဝင်းသည်မအိမ်သူ၏ ဘဝကို စိတ်ဝင်စားသွားပြီး

"မအိမ်သူမှာ မိသားစု မရှိဘူးလား"

ဟု မေးမြန်းလေ၏။

ဆိုင်ရှင်လူကြီးကသက်ပြင်းချပြီး

"ရှိတာပေါ့ကွာ...မအိမ်သူယောကျ်ားက အသတ်ခံပြီးသေ သွားတယ်၊ သူ့ကိုသတ်တာ ဘယ်သူမှန်းသလဲ...မိန်းမချောလေး



www.burmeseclassic.com

www.burmeseclassic.com



မအိမ်သူကိုယ်တိုင်ပဲကွ"

ဟုဆိုလိုက်ရာ နေဝင်းသည် လူကြီး၏မျက်နှာကို မယုံနိုင်ဟန်ဖြင့်ကြည့်လိုက်လေ၏။

အဘိုးကြီးက စိတ်လှုပ်ရှားဟန်ဖြင့်

"ဒါကိုတော့ မအိမ်သူကို အပြစ်ပြောလို့ မရပါဘူး၊ ကိုယ့်သမီးကို သတ်ဖြတ်ဖို့ ကြိုးစားနေတဲ့ လင်ယောကျ်ားကို မိခင်တစ်ယောက်အနေနဲ့ ကာကွယ်ရမှာပဲ"

ဟုဆိုလိုက်ရာ နေဝင်းက မယုံနိုင်ဟန်ဖြင့်

"ကိုယ့်သွေးသားအရင်းကို ကိုယ်ပြန်သတ်ဖို့ကြိုးစားတဲ့ ဖခင် ရှိလို့လား"

ဟုမေးမြန်းလေ၏။

လူကြီးက လေသံတိုးတိုးဖြင့်

"ငါတို့မြို့က ဖခင်တချို့ဟာ စိတ်ဖောက်ပြန်ပြီး ကိုယ့်သမီးတွေကို ရက်ရက်စက်စက် သတ်ဖြတ်လေ့ရှိတယ်၊ ဒါဟာ ငါတို့မြို့ရဲ့ ထူးခြားတဲ့ ကျိန်စာ တစ်ခုပဲ"

ဟုဆိုလိုက်ရာ နေဝင်းက မယုံနိုင်ဟန်ဖြင့် ခေါင်းခါသမ်းကာ

"မဖြစ်နိုင်တာ"

ဟုရေရွတ်လိုက်လေ၏။

လူကြီးက

"ဒါတွေဟာ ခေတ်ပညာတတ်တွေအတွက် စိန်ခေါ်မှုပဲ၊ မင်း မယုံဘူးဆိုရင် သက်သေအထောက်အထားနဲ့ ပြရတာပေါ့၊ ၁၉၁၃ ခုနှစ်တုန်းက ဦးကြက်တောဆိုတဲ့ ဖခင်တစ်ယောက်က နေမကောင်းဖြစ်နေတဲ့ သမီးလေးကို အိပ်ယာထဲမှာ ရက်ရက်စက်စက်ခေါင်းအုံးနဲ့ ဖိသတ်ခဲ့တယ်၊ ၁၉၂၀ ရောက်တော့ ဦးထိန်ပင် ဆိုတဲ့ လူကလည်း ကိုယ့်သမီးလေးကို မြို့







www.burmeseclassic.com

www.burmeseclassic.com






…ခရေကန်မှာ ရေနစ်ပြီး သတ်ခဲ့တယ်၊ ဦးမာဒင်ဆိုတဲ့ လူက …ည်း သမီးကို တောင်ပေါ်က တွန်းချခဲ့တယ်၊ နောက်တော့ …မ်သူ ယောက်ျားမဲခေါင်က သူ့သမီးလေးကို အရှင်လတ် …ာ်မြေကျင်းထဲ ဖို့ပြီး သတ်ဖို့ကြိုးစားခဲ့ပြန်တယ်၊ မအိမ်သူက …ခေါင်ကို ပေါက်ပြားနဲ့ ရိုက်ပြီး သမီးလေးရဲ့အသက်ကို ကယ် …ာ်ရတယ်"

ဟုဆိုလေရာ နေဝင်းက အံ့သြဟန်ဖြင့် မျက်မှောင် …တ်ပြီး

"ဒါတွေဟာ တကယ်ပဲလားဗျာ၊ တိုက်ဆိုင်မှုတွေများ …နေသလား"

ဟုရေရွတ်လိုက်၏၊

လူကြီးက သက်ပြင်းချပြီး

"ဒါတွေအားလုံးက စိတ်ကူးယဉ်ပုံပြင်တော့ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ မှတ်တမ်းမှတ်ရာ တိတိပပရှိတယ်"

ဟုပြောလေ၏။

နေဝင်းသည် ထမင်းဆိုင်ရှင်လူကြီးပြောသောအကြောင်းအရာများကို မယုံနိုင်ဟန်ဖြင့် နားထောင်နေလေ၏။

ဆိုင်ရှင် အဒေါ်ကြီးက ဝင်ပြီး

"မအိမ်သူကတော့ ကံဆိုးမ သွားရာ မိုးလိုက်ရွာသလိုပါပဲ၊ မအိမ်သူရဲ့ သမီးလေးကို သူဌေးကြီးဦးစိန်ကြောင်က ရယူချင်နေတယ်"

ဟုပြောလေရာ နေဝင်းက မျက်မှောင်ကြုတ်ပြီး

"သူဌေးဦးစိန်ကြောင်ဆိုတာ ဘယ်သူလဲ"

ဟုမေးမြန်းလေ၏။

ဆိုင်ရှင်လူကြီးက

"ဦးစိန်ကြောင်ဟာ မအိမ်သူရဲ့ယောကျ်ားမပေါ့၊ သူ့ရဲ့တဏှာသည်းသောသားမဲခေါင်ကို မအိမ်သူက သတ်ဖြတ်လိုက်တော့ အိမ်သူကို မုန်းတီးရွံရှာသွားတယ်၊ ဒါကြောင့် မြေးမလေးရဲ့ အုပ်ထိန်းခွင့်ကို မအိမ်သူဆီက မရရအောင် ယူဖို့ ကြိုးစားနေတယ်"

ဟုပြောလေ၏။

ဆိုင်ရှင်အဒေါ်ကြီးက သက်ပြင်းချလိုက်ပြီး

"သူဌေးဦးစိန်ကြောင် ဆိုတာကျုပ်တို့ အရပ်မှာတော့ ဆီစက်ဆန်စက်တွေကို လက်ညှိုးထိုး မလွဲအောင် ပိုင်ဆိုင်တဲ့ အရှားဒါယကာ၊ကျောင်းဒါယကာ၊ဇရပ်ဒကာ သူတော်ကောင်း သူဌေးကြီးပေါ့၊ ဒါပေမဲ့ ဦးစိန်ကြောင်ဟာ လိုချင်တာကို မရရအောင်ယူတတ်တယ်၊ သူသွားတဲ့လမ်းက အတားအဆီးတွေကို ည်းမရရအောင် ရှင်းပစ်တတ်တယ်၊ ဒါကြောင့် သူနဲ့ တိုက်ပ်မတွေ့ဆုံဖို့ ကြိုးစားပါ"







www.burmeseclassic.com

ဟုသတိပေးလေ၏။

နေဝင်းက သက်ပြင်းချပြီး

"ကျုပ်က ဒီမြို့မှာ ခြည့်သည်ပဲ သူတို့နဲ့တွေ့စရာ အကြော

မရှိဘူး"

ဟုပြောလိုက်လေ၏။ လူကြီးက ခေါင်းခါယမ်းပြီး

"သတိ ဆိုတာ ပိုတယ်မရှိဘူး မောင်ရင်၊ လောက


ဘယ်အရာမှ ကြိုတင်တွက်ဆထားလို့မရဘူး၊တစ်ခါတ

ကိုယ်မထင်မှတ်တာတွေဖြစ်လာတတ်တယ် ဆိုတာ မောင်

မကြာမီသိမှာပါ"

ဟုပြောလေ၏။






www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် အိမ်သို့ပြန်ရောက်သောအခါ အိပ်ယာပေါ်
သို့ ခြေပစ်လက်ပစ် လှဲချလိုက် ပြီး ထမင်းဆိုင်ရှင် လူကြီး ပြော
သော စကားများကို ကြားယောင်နေလေ၏။

မြို့ပေါ်ရှိ ယောကျ်ားများက သမီးများအပေါ် ရက်စက်
သောအပြုအမူကိုအဘယ်ကြောင့်ကျူးလွန်သနည်း။

နေဝင်းက သက်ပြင်းချကာ

"ဒီလူတွေဘာဖြစ်လို့ကိုယ်မွေးထားတဲ့သမီးကိုကိုယ်ပြ





သတ်ရသလဲ၊ သူတို့ဟာ လူစစ်စစ်ကနေ ဘာဖြစ်လို့ တိရိစ္ဆာန်
တွေ ဖြစ်သွားရတာလဲ"

ဟုရေရွတ်လိုက်လေ၏။

နေဝင်းသည် တွေးရင်းခေါင်းထဲတွင် ရှုပ်ထွေးလာသော
ကြောင့် စားပွဲပေါ်ရှိ စာရွက်များကို အမှိုက်ပုံပါယ်မဲ့ ငေးကြည့်
နေမိ၏။

ထိုစာရွက်များသည် ညက မိမိစာရေးချင်စေဖြင့် ရေး
ချင်ရာ ရေးသားထားသော စာရွက်များ ဖြစ်နေလေ၏။

နေဝင်းသည်စာရွက်တော်တော်များများကိုလုံးချေပစ်ခဲ့
ရ၏၊ ထိုစာရွက်များကို ကြည့်ရင်း မိမိ၏ ခပ်သော့သော့ရေး
လေ့ရှိသော လက်ရေးကြားတွင် ဝိုင်းစက်သော လက်ရေးများ
ကိုမြင်တွေ့ရသဖြင့်

"ဟင်...ဒါ ငါ့လက်ရေးမဟုတ်ဘူး၊ မေ့လက်ရေးဖြစ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



လား...မေ့လက်ရေး...ဟုတ်တယ်...မေ့လက်ရေးပဲ...”

ဟုတအံ့တသြရေရွတ်လိုက်၏။

နေဝင်းသည် ပိုင်းစက်သော လက်ရေးများကို ဖတ်ရှ
လိုက်သောအခါ

“တစ်နေ့နေ့မှာ ကိုယ်ရောက်လာမယ်ဆိုတာ ကြိုပြီး သိ
ထားပြီးသားပါ”

ဟုရေးသားထားလေ၏။

နေဝင်းသည် စာကိုမယုံနိုင်ဟန်ဖြင့် ဖတ်ပြီး

“ဟင်...ဒါဆိုရင် ကိုယ့်အနားမှာ မေ ရှိနေတယ်ပေါ့၊ ကိုယ်
တစ်ယောက်တည်း မဟုတ်ဘူးပေါ့”

ဟု စိတ်လှုပ်ရှားဟန်ဖြင့် ရေရွတ်လိုက်လေ၏။

မေ သေဆုံးပြီးနောက် ဝိညာဉ်ဘဝဖြင့် မိမိ အနီးတွင်
စောင့်ကြည့်နေလေသလော...။





မေ မကျွတ်မလွတ်ဘဲ မိမိ၏ နေအိမ်တွင် ရှိနေသည်
ထင်၏။ ထိုသို့ရှိနေသည် ဆိုလျှင်ပင် မေ့ကို ကျေကျေနပ်နပ်ကြီး
ရှိနေစေချင်၏။

မေက တစ်နေ့နေ့တွင် မဟာမြိုင်သို့ မိမိ ရောက်လာမည်
ကို ကြိုတင်သိမြင်နေသည်ဆို၏။ မေအဘယ်ကြောင့်
ကြိုတင်သိမြင်နေသည် မသိချေ။

နေဝင်းသည် အိမ်ပတ်ဝန်းကျင်ရှိ မေ ရှိမည် ထင်သော
နေရာကို မျက်လုံးဝေ့ကြည့်ပြီး

“မေရယ်...ကိုယ့်အနားမှာ ရှိနေသလား...ရှိနေရင် ကိုယ့်
ကို ပြောပါ...ကိုယ်မသိဘဲ မဟာမြိုင်မှာ မင်းနဲ့ တိတ်တဆိတ်
တွေ့တဲ့သူက ဘယ်သူလဲ...မင်းတို့ ဘာကြောင့်တွေ့ဆုံတာလဲ”

ဟုတီးတိုးမေးမြန်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် မေ့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှု ပြုလုပ်ရန် မြို့ပြင်ဆုတောင်းပြည့် စေတီသို့ ထွက်ခဲ့လေ၏။

ဆုတောင်းပြည့်စေတီသို့ ရောက်သောအခါ မကျွတ်လွတ်သော မေ့အတွက် ကုသိုလ်ကောင်းမှုအမျိုးမျိုးပြုလုပ်ပေးလေ၏။

နေဝင်းသည် ကုသိုလ် ကောင်းမှုပြုလုပ်ပြီး စေတီရင်ပြင်





ကို တစ်ပတ်ပတ်နေစဉ် စေတီပေါ်သို့ အဘိုးကြီး တစ်ဦးနှင့် မိန်းမလှတစ်ဦး လျှောက်လှမ်းလာ၏။

ရင်ပြင်ပေါ်သို့ရောက်သောအခါ အဘိုးကြီးက နေဝင်းကို စူးစိုက်ကြည့်ပြီး

"မောင်ရင်က စာရေးဆရာ နေဝင်းလား၊ ဒီနေ့ ကျုပ် မြေးမလေးကို ရေကန်ထဲက ကယ်ဆယ်ခဲ့တဲ့ စာရေးဆရာပေါ့"

ဟုမေးမြန်းလေ၏။

နေဝင်းသည် အဘိုးကြီးကို သူဌေးဦးစိန်ကြောင် မှန်း မှတ်မိသွားလေ၏။ ထို့ကြောင့် နေဝင်းက

"ဟုတ်ပါတယ်၊ မမျှော်လင့်ဘဲ ကယ်လိုက်မိတာပါ"

ဟုပြောလေရာ ဦးစိန်ကြောင်က

"ကျုပ် မြေးမလေးရဲ့ အသက်ကို ကယ်ခဲ့တာကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မိန်းမယုတ် အိမ်သူနဲ့ ပေါင်းသင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ မောင်ရင်ရဲ့နံမည်ကျော်ကြားမှုတွေကို ထိခိုက်ပြီး အရှက်တကွဲ အကျိုးနည်း ဖြစ်ရလိမ့်မယ်၊ အကောင်းဆုံးက ဒီမြို့က အမြန်ဆုံး ထွက်သွားပါ"

ဟုပြောလေ၏။

နေဝင်းသည် သူဌေးဦးစိန်ကြောင်၏ ပိုင်စိုးပိုင်နင်း အမိန့်ပေးသောအမူအယာကို မနှစ်သက်သဖြင့်


"လောလောဆယ်တော့ ဒီမြို့က ကျုပ်ထွက်သွားဖို့ ရည်ရွယ်ချက်မရှိဘူး"

ဟုပြောလေ၏။

နေဝင်း၏ အဖြေကြောင့် သူဌေးဦးစိန်ကြောင်၏ မျက်နှာ တင်းမာသွားပြီး

"မောင်ရင် ခေါင်းမာနေတယ် ဆိုရင်တော့ နောက်ဆက်တွဲအကျိုးဆက်တွေ ခံစားရလိမ့်မယ်"






www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ နေဝင်းက အံကိုကြိတ်ပြီး

" ဒီမှာ–ခင်ဗျား လာပြီး အမိန့်ပေးမနေနဲ့၊ ကျုပ်ဘာသာ ဒီမြို့မှာ နေချင်နေမယ်၊ သွားရင်သွားမယ်၊ ဘယ်သူမှ ဂရုမစိုက်ဘူး"

ဟုပြောပြီး ဦးစိန်ကြောင်ရှေ့မှ ရှာခနဲ လှည့်ထွက်ခဲ့လေ၏။ ထိုအခါ ဦးစိန်ကြောင်၏ အဖော် မိန်းမလုက နေဝင်းတို့ မီးပင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်ပြီး ကျန်ရစ်ခဲ့လေ၏။

ထိုမိန်းမသည် အဘိုးကြီး ဦးစိန်ကြောင်၏ နောက်ဆုံးယူထားသော မယားဖြစ်ပုံရ၏။



နေဝင်းသည် အိမ်သို့ရောက်သောအခါ သူ့ဖွေးဦးစိန်ကြောင် တင်းမာသော အမူအယာကိုသာ မြင်ယောင်နေလေ၏။

ဦးစိန်ကြောင် အဘယ်ကြောင့် မိမိ အပေါ်တင်းမာနေသ ည်။ ထိုအမိုက်မှာပင် မေ၏ ပန်းချီ စတူဒီယိုအခန်းမှ မိန်းမ စ်ဦး သီဆိုသော သီချင်းသံကို ကြားရသဖြင့် အလွန်အံ့ဩ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပန်းချီ စတူဒီယို ရှိရာသို့ ကမန်းကတန်း ပြေး ထွက်ခဲ့ရာ စတူဒီယိုထဲ၌ ကိုလံဘီယာ ခါတ်စက်ကြီးသည် မည်သူမျှ မဖွင့်ဘဲ ထမြည်နေကြောင်းတွေ့ရ၏။

နေဝင်းသည် အလွန်အံ့သြပြီး ခါတ်စက်ကို ပိတ်လိုက်ရာ ခါတ်စက်တင်ထားသော စားပွဲခုံပေါ်တွင် ခါတ်ပြားဟောင်း တစ်ချပ်ကို တွေ့ရလေ၏။

ထိုခါတ်ပြားပေါ်တွင် အငြိမ့်မင်းသမီး မြနင်းဆီ ဟု မပီမပီ တဝါး ရေးထားသော စာကိုတွေ့ရ၏။

ခါတ်စက်ပေါ်တွင် အလိုအလျောက်ပွင့်နေသော သီချင်း မှာ အငြိမ့်မင်းသမီး မြနင်းဆီ၏ သီချင်းပင် ဖြစ်၏။

အဘယ်ကြောင့် လူမရှိသော စတူဒီယိုထဲတွင် အငြိမ့် မင်းသမီး မြနင်းဆီ၏ သီချင်းခါတ်ပြား ပွင့်နေသနည်း။

မေကိုယ်တိုင် မိမိအနီးတွင် ရှိနေကြောင်း ပြလိုသဖြင့်





ခါတ်စက်ကို ဖွင့်လိုက်ခြင်းပေလော..အမှန်တကယ် မေအနီး တွင်ရှိနေလျှင် မိမိကြုံတွေ့ရသော အခက်အခဲများကို ကူညီပေး စေချင်၏။

"မင်းဘာကြောင့် စစ်ကြိုခေတ်က အငြိမ့်မင်းသမီး မြနင်းဆီကို စိတ်ဝင်စားနေတာလဲ..မြနင်းဆီ ဆိုတဲ့ မိန်းမက မင်းနဲ့ဘယ်လိုပတ်သက်နေသလဲ...ကိုယ့်ကိုပြောပါမေ..ကိုယ် အကြောင်းတွေ ရှုပ်လွန်းလို့ပါ...."

နေဝင်းသည် စတူဒီယိုထဲရှိ မြနင်းဆီ၏ ပန်းချီကားကို ကြည့်ပြီး အဖြေထုတ်မရဘဲ တစ်စုံတစ်ရာသော ပယောဂ ကြောင့် မေးခွန်း အိပ်ပျော်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် မဟာမြိုင်အိမ်ကြီးမှ ထွက်ပြီး မြို့တစ်နေရာရှိပွဲဈေးတန်းတစ်ခုသို့ရောက်ရှိသွားလေ၏။ ပွဲဈေးတန်းထဲတွင် ဆယ့်နှစ်ပွဲဈေးသည်များ ပွဲသွားပွဲလာ ပရိသတ်များဖြင့် စည်ကားနေလေ၏။

နေဝင်းသည် ပွဲဈေးတန်းထဲတွင် လှည့်လည်ရင်း ပွဲကြည့်ပရိသတ်များ၏ ဝတ်စားဆင်ယင်ပုံကို ရှေးဆန်သယောင် ထင်မြင်မိလေ၏။





၄င်းတို့၏ ဝတ်စားဆင်ယင်ပုံကို ကြည့်ပြီး နှစ်ပေါင်းများစွာ နောက်ကျနေသည်ဟု ယူဆမိ၏။

ထိုအခိုက်မှာပင် နေဝင်း၏ မျက်လုံးသည် ပွဲဈေးတန်းနံဦးတွင် ရေးထိုးထား သော ခုနှစ်သက္ကရာဇ်ကို ဖတ်ရှုမိပြီး အံ့အားသင့်အပေါင်းသား ဖြစ်သွားလေ၏။

ပွဲဈေးတန်းတွင် ရေးထိုးထားသည်မှာ ပါတော်မူ ၁၅ နှစ်အထိမ်းအမှတ်ဟုရေးထိုးထားလေ၏။ အရှင်နှစ်ပါး ပါတော်မူသည် ခုနှစ်မှာ ၁၈၈၅ ခုနှစ်ဖြစ်ပြီး ပါတော်မူ ၁၅ နှစ် အထိမ်းအမှတ် ဆိုလျှင် ယခု ရောက်နေသော ခုနှစ်သက္ကရာဇ်သည် ၁၉၀၀ ပြည့်နှစ်ပင် ဖြစ်သဖြင့် လွန်ခဲ့သော အနှစ် ၅၀ ကာလသို့ ဒီပြန်လည် ရောက်ရှိနေလေ၏။

နေဝင်းသည် မိမိကိုယ်မိမိ အိပ်မက်ကမ္ဘာသို့ ရောက်ရှိနေသယောင် ခံစားရလေ၏။ မိမိ အဘယ်ကြောင့် အနှစ် ၅၀



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျသောအတိတ်ကာလသို့ရောက်ရှိသွားသနည်း...

ထိုအခိုက်မှာပင် နေဝင်းကြားဖူးနားဝရှိသောရေးအငြိ

မင်းသမီး မြနှင်းဆီ၏ သီချင်းကို ကြားရလေ၏။

"ပလိပ်ဟန်မကြွားနဲ့အစ်ကို..အတည်ကြံသလားအစ်ကို

ပျိုပျိုနှင်းဆီငယ်ရွယ်တုန်းမို့.. စွဲမက်တာလားကွယ်.. ဝေခွဲ

ပါတယ်...မဝံ့မရဲနဲ့အသည်းမှာ ကြောက်တယ်..အုတုန်အော

ပျော်ဖို့ရယ်.. ဟော...ဟော... မြနှင်းဆီလာပြီ.. မြနှင်းဆီလာပြီ

ခေါ်သံလိုလို..အော်သံလိုလို..ဟောဟို ထောင့်နားက ကြား

ပြန်သလို..."

နေဝင်းသည် အငြိမ့်စင် ရှိရာသို့ တိုးကပ်သွားလေ

အငြိမ့်မင်းသမီးမြနှင်းဆီကိုယ်တိုင်သီဆိုကပြနေကြောင်းေ

ရလေ၏။

အငြိမ့်မင်းသမီး မြနှင်းဆီ၏ အညှာအခရာအောက်တွင်





တာလသားများ ရှုန်းမထွက်နိုင်အောင် ဖြစ်ကြပြီး စင်ရှေ့၌

တရှုန်းရှုန်း ဖြစ်နေကြလေ၏။

နေဝင်းသည်ဇာတ်စင်ရှေ့သို့ရောက်သွားပြီးမြနှင်းဆီကို

ကြည့်လိုက်ရာ မြနှင်းဆီက မျက်လုံးချင်း ဆုံအောင် ပြန်ကြည့်

လေ၏။

နေဝင်းသည်မြနှင်းဆီ၏ပန်းချီကားများကိုအကြိမ်ကြိမ်

အခါခါ မြင်တွေ့ဖူးသဖြင့် သူမနှင့် နှလုံးသားချင်း ရင်းနှီးသလို

ခံစားရ၏။

မြနှင်းဆီသည်အငြိမ့်ကရင်းနေဝင်းကိုအကြိမ်ကြိမ်မျက်

လုံးချင်းဆုံအောင် ကြည့်နေလေ၏။

ထိုအခိုက်မှာပင် နေဝင်းသည် ကျယ်လောင်သော အသံ

တစ်ခုကြောင့် အိပ်မက်မှ လန့်နိုးသွားလေ၏။ နေဝင်းသည် မိမိ

အိပ်မက်မက်နေကြောင်း ရိပ်စားမိသွားပြီး သက်ပြင်းရှည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ချလိုက်လေ၏။ အိပ်မက်ထဲတွင် မြင်ရသော မင်းသမီး မြနှင်းဆီ၏ ပုံရိပ်သည် ထင်ရှားပြတ်သားလွန်းပြီး တစ်သက်လုံး မက်ခဲ့သော အိပ်မက်များနှင့် ကွာခြားလွန်းလှသဖြင့် အလွန်ထူး ဆန်းသော အိပ်မက်ဖြစ်၏။

နေဝင်းသည် မိမိကို အိပ်မက်မှ လန့်နိုးစေသော အသံကို နားစွင့်လိုက်ရာ တံခါးခေါက်သံ ဖြစ်ကြောင်း သိလိုက်ရ၏။

နေဝင်း အိမ်တံခါးဖွင့်လိုက်သောအခါ တံခါးဝတွင် မျက်နှာစိမ်း တစ်ဦးကို မြင်လိုက်ရပြီး ထိုသူက

"ကျုပ်က ရွှေနေဦးဘကြည်ပါ၊ အိမ်ထဲကို ဝင်ခွင့်ပြုပါ"

ဟု ဆိုလိုက်ရာ နေဝင်းက ဦးဘကြည်ကို နားမလည်သော် ဖြင့် ကြည့်ပြီး အိမ်ထဲသို့ ဝင်ခွင့်ပေးလိုက်၏။

ရွှေနေဦးဘကြည်က

"ကျုပ်က ဘုရားဒါယကာကြီး ဦးစိန်ကြောင်ရဲ့ ရွှေနေ





ဦးစိန်ကြောင်နဲ့ မအိမ်သူရဲ့ ကလေးအုပ်ထိန်းခွင့်အမှုကို လိုက်တဲ့ လူပါ"

ဟု ပြောလေရာ နေဝင်းက ခေါင်းညိတ်ပြီး

"ဟုတ်ပါပြီ၊ ဦးစိန်ကြောင်ရဲ့ ရွှေနေက ကျုပ်နဲ့ ဘယ်လို ပတ်သက်လို့လဲ"

ဟု မေးမြန်းလိုက်ရာ ဦးဘကြည်က ခေါင်းညိတ်ပြီး

"ဒီလိုပါ..ဒီအမှုမှာ ကလေးအုပ်ထိန်းခွင့်လုတဲ့ အမှု ဆိုတော့ မအိမ်သူရဲ့ အုပ်ထိန်းမှု အားနည်းချက်ကို ရုံးတော်မှာ တင်ပြပြီး အုပ်ထိန်းခွင့်ကို ရယူဖို့လိုပါတယ်၊ ဒါကြောင့် မြို့ပြင် ရေကန်ကြီးမှာ မအိမ်သူရဲ့ သမီး ရေနစ်မဲ့ဘေးက ကိုနေဝင်း ကယ်တင်ခဲ့တာကို သက်သေအဖြစ် တင်သွင်းလိုက်ရင် မအိမ်သူ ရဲ့ အုပ်ထိန်းမှု အားနည်းချက်က ပေါ်လွင်သွားမှာပါ"

ဟု ဆိုလိုက်ရာ နေဝင်းသည် ဦးစိန်ကြောင်၏ ရည်ရွယ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို ရိုပ်စားမိသွားပြီး

"ဪ...ကျုပ်က ဒီအတွက် ခင်ဗျားတို့ဘက်က သက်သေ

လိုက်ပေးရမယ် ဆိုပါတော့"

ဟုဆိုလိုက်၏။

ဦးဘကြည်က ခေါင်းညိတ်ပြီး

"ဟုတ်ပါတယ်ဗျာ၊ ဆရာ ကိုနေဝင်းက ဟုတ်မှန်ထဲ

အတိုင်း ရုံးတော်မှာ သက်သေထွက်ပေးဖို့မေတ္တာ ရပ်ခံပါတယ်"

ဟုပြောလေ၏။ နေဝင်းသည် ဦးစိန်ကြောင်တို့ဘက်

မနေအင်အားကို သုံးပြီး မုဆိုးမ တစ်ယောက်ကို အနိုင်ကျင့်ခြင်း

ကို ရိပ်စားမိသွားပြီး မိမိကိုယ်တိုင် ၎င်းတို့ဘက်မှ ရပ်တည်ပြီ

ရေနစ်သူကို ဝါးကူထိုးရန် ရည်ရွယ်ချက် မရှိချေ။

ထို့ကြောင့် ခေါင်းခါယမ်းလိုက်ပြီး

"ဝမ်းနည်းပါတယ်... ကျုပ် သက်သေလိုက်မပေးနိုင်ပါဘူး"





ဟုငြင်းဆန်လိုက်ရာ ရှေ့နေဦးဘကြည်၏ မျက်နှာကွက်

ခနဲ ပျက်သွားပြီး

"ဟင်...ဆရာဟာ နိုင်ငံကျော် စာရေးဆရာ တစ်ယောက်

လုပ်နေပြီး အမှန်တရား ဘက်က မရပ်တည်နိုင်ဘူးလား"

ဟုပြောလေ၏။ နေဝင်းက သက်ပြင်းချပြီး

"မိခင်နဲ့ ကလေးရဲ့မေတ္တာတရားကို ငွေကြေးအင်အား

သုံးတဲ့ အမှန်တရားလား"

ဟုပြန်လည်မေးခွန်းထုတ်လိုက်ရာ ဦးဘကြည်က နေဝင်း

ကို စကားမတုံ့ပြန်တော့ဘဲ

"စဉ်းစားပါဦးဆရာ၊ ဆရာ သူ့ကိုကူညီရင် မေတ္တာ လက်

ဆောင်အနေနဲ့ ရွှေဒင်္ဂါး ၅ ပြားတိတိပေးမယ်လို့ ဦးစိန်ကြောင် က

ကမ်းလှမ်းထားပါတယ်"

ဟုပြောပြီး ထိုင်ရာက ထရင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နေဝင်းသည် ရှေ့နေဦးဘကြည်၏ စကားကြောင့် ဦးစိန်ကြောင်တို့ ဘက်မှ နေအင်အားသုံးပြီး မုဆိုးမ တစ်ယောက်ကို အနိုင်ယူလိုကြောင်း ပိုမို ထင်ရှားသွားလေ၏။

ထိုကြောင့်ဦးစိန်ကြောင်အားမိမိကိုယ်စွမ်းရှိသလောက် ပညာပေးရန် ဆုံးဖြတ်လိုက်ပြီး ရွှေဒင်္ဂါးများကို မက်မောဟန် ဆောင်ကာ

"အို..တကယ်ပဲ ခင်ဗျားတို့ ဘက်က ရွှေဒင်္ဂါး၅ပြား ပေးမှာလား"

ဟုမေးမြန်းလိုက်၏။

ဦးဘကြည်က စိတ်အားတက်ကြွဟန်ဖြင့်

"တကယ်ပေးမှာပေါ့ ဆရာရယ်..ဆရာ မယုံရင် ရွှေဒင်္ဂါး ၅ပြားကို အရင်ယူထားမလား"

ဟုမေးမြန်းလေ၏။





နေဝင်းက လက်ကာပြလိုက်ပြီး

"ရပါတယ်၊ ကျုပ်ဘက်က ထွက်ဆိုပြီးမှ ပေးပါ၊ ခင်ဗျားတို့ စိတ်တိုင်းကျ ထွက်ဆိုပေးပါ့မယ်"

ဟုပြောလိုက်ရာ ရှေ့နေဦးဘကြည်သည် နေဝင်းကို ခမ်းသာအားရ လက်ဆွဲနှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် ရုံးချိန်းနေ့တွင် ဦးစိန်ကြောင်တို့ လူစုအား ပညာပေးရန် ဆုံးဖြတ်လိုက်လေ၏။

ဦးစိန်ကြောင်တို့ ဘက်မှ သက်သေလိုက်ပေးရန် ကမ်းလှမ်းကြောင်းမအိမ်သူကို အသိပေးသင့် မပေးသင့် စဉ်းစားရင်း နောက်ဆုံးတွင် အသိမပေးရန် ဆုံးဖြတ်လိုက်၏။





ရုံးချိန်းနေ့ ရောက်လျှင် မိမိ၏ ထွက်ဆိုချက်ကို မအိမ်သူ တွေ့မြင်နိုင်သည် မဟုတ်ပါလား။

နေဝင်းသည် ရှေ့နေ ဦးဘကြည် ထွက်ခွာသွားသောအခါ အခန်းတစ်ခုလုံး မျက်လုံးဝေ့ကြည့်ပြီး

"ကိုယ်ဆုံးဖြတ်ချက်မှန်တယ် မဟုတ်လားမေရယ်…အားနည်းသူဘက်က ရပ်တည်ရမယ်ဆိုတာ ကိုယ်တို့ နှစ်ယောက်စလုံး သိနားလည်တဲ့ စည်းမျဉ်း တစ်ခုပဲလေ"

ဟုတီးတိုးပြောလိုက်လေ၏။ သို့သော် မေက နေဝင်း၏ အားကို ထောက်ခံကြောင်း မည်သည့်အရိပ်အယောင်မျှ မပြခဲ့။

နေဝင်းသည် ညသို့ ရောက်သောအခါ စာရေးရန် ကြိုးစားပြီး စားပွဲတွင် ထိုင်လိုက်လေ၏။ သို့သော် အတန်ကြာသည် အထိ စာတစ်ပုဒ် ထွက်မလာဘဲ ရောက်တတ်ရာရာ ရေးရင်း



www.burmeseclassic.com

www.burmeseclassic.com



ရှတ်လုံးများမှေးစင်းပြီး စာရေးစားပွဲပေါ်တွင် အိပ်ပျော်သွား လေ၏။

နောက်တစ်နေ့နံနက် နေဝင်းအိပ်ယာက နိုးသောအခါ ညာ ရောက်တတ်ရာရာ ရေးခြစ်ထားသော စာများကြားတွင် င်းစက်သော လက်ရေးများကို တွေ့ရပြီး

"မအိမ်သူကို ကူညီပေးလိုက်ပါ..သူ့ခမြာ ဒုက္ခရောက် နေရှာတယ်"

ဟုရေးသားထားသော စာများကို မြင်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



နေဝင်းသည် ဝိုင်းစက်သော လက်ရေးများကို မြင်လျှင် မေအနီးတွင်ရှိနေသည်ဟူသော အတွေးဖြင့်ရင်ထဲတွင်ပြည့်စုံသွားသလို ခံစားရ၏။

"မေရယ် ...မအိမ်သူကို ကူညီဖို့ တို့နှစ်ယောက် စိတ်သဘောချင်း တိုက်ဆိုင်တာ ဝမ်းသာပါတယ်"

ဟု တီးတိုးရေရွတ်လိုက်လေ၏။

BURMESE CLASSIC

နေဝင်းသည် တရားဆိုင်ရမည့်နေ့သို့ ရောက်သောအခါ တရားရုံးသို့ထွက်ခဲ့လေ၏။ တရားရုံးရှေ့၌ ရှေ့နေ ဦးဘကြည်က နေဝင်းကို ထွက်ကြိုပြီး

"ဆရာ ထွက်ဆိုချက်ပြီးတာနဲ့ အော်စလိကားထဲမှာ ရွှေဒင်္ဂါးတွေ အသင့်ပဲ"

ဟုဆိုကာ ဦးစိန်ကြောင်၏ အော်စလိကားနက်ကြီးကို လက်ညိုးညွှန်ပြလေ၏။





နေဝင်းသည် လူစုံသောအချိန်၌ တရားခွင်ထဲသို့ဝင်ခဲ့ရာ မအိမ်သူသည် နေဝင်းကိုမမျှော်လင့်ဘဲ တွေ့ရသဖြင့် အံ့ဩသွားဟန်ရှိပြီး သူမ၏ ရှေ့နေအိုကြီးကို တီးတိုး တိုင်ပင်နေလေ၏။

ထိုအချိန်၌ ရှေ့နေဦးဘကြည်သည် နေဝင်းကို သက်သေအဖြစ် တင်သွင်းလေ၏။ တရားသူကြီးထံမှ ခွင့်ပြုမိန့် ကျသောအခါ တရားခွင်ကို စတင်လေ၏။

မအိမ်သူသည် တရားခွင်အတွင်း နေဝင်းကို တောင်းပန်သိုးလျှိုးဟန်ဖြင့် မကြာခဏ ကြည့်ရှုလေရာ သူမ၏ မျက်ဝန်းထဲတွင် သမီးကိုလက်လွှတ်ဆုံးရှုံးမှာ ကြောက်သော မိခင်သောကကိုမြင်တွေ့ရလေ၏။

တရားခွင်တွင် တစ်ယောက်ပြီး တစ်ယောက် စစ်ဆေးပြီးနောက် နေဝင်း၏အလှည့်သို့ရောက်သောအခါ ရှေ့နေဦးဘကြည်က နေဝင်းကို အပိုင်တွက်ထားဟန်ဖြင့် မေးခွန်းများကို စတင်



www.burmeseclassic.com

မေးမြန်းလေ၏။

ရွှေနေဦးဘကြည်က

"လွန်ခဲ့တဲ့ ၆လပိုင်း ၁၆ရက်နေ့က ကိုနေဝင်းဟာ ကလေးမလေး မပန်းချစ်ကို မြို့ပြင်ဆုတောင်းပြည့်ဘုရားရေကန်ထဲကနေ ကယ်တင်ပေးခဲ့ရတယ် ဆိုတာ ဟုတ်ပါသလား"

ဟုမေးမြန်းလေ၏။

ထိုအခါ နေဝင်းက ခေါင်းခါယမ်းပြီး

"ရွှေနေကြီး ကြားတဲ့ သတင်းက အမှားကြီးပါ၊ တကယ်တော့ မပန်းချစ်ကလေးရေနစ်တာမဟုတ်ပါဘူး၊ ရေကန်ထဲက ကြာတွေကို မပန်းချစ်က ခူးချင်တယ် ပြောလို့ ကျုပ်ကိုယ်တိုင် ရေကန်ထဲကို ချီပွေ့ပြီး ခေါ်သွားတာပါ၊ ဒါကို ဘုရားဖူးတွေက မြင်ပြီးကလေးမလေးရေနစ်တယ်ထင်လို့ကောလဟာလ ပြောကြတာပါ"





ဟုပြောလေရာ ရွှေနေဦးဘကြည်၏ မျက်နှာကွက်ခနဲ ပျက်သွားပြီး

"ကလေးမလေး ရေနစ်တာ မဟုတ်ဘူးလား၊ တစ်မြို့လုံးက လူတွေကတော့ ရေနစ်တာပဲ ပြောနေကြတယ်"

ဟုဒေါသကို ချုပ်တည်းပြီး ပြောဆိုလေရာ နေဝင်းက ခေါင်းခါယမ်းပြီး

"ကျုပ်ပြောပြီးပြီပဲ၊ လူတွေကအဝေးကကြည့်ပြီး တစ်မျိုးမြင်ကြတာပါ၊ ကျုပ်ကကယ်ကံရှင်ပဲဗျာ၊ ကျုပ်လောက် ဘယ်သူ ထိတိကျကျ ပြောနိုင်မှာလဲ၊ ကလေးမလေးက ကြာပန်းခူးချင်တယ် ဆိုလို့ သူ့မိခင်ဆီက ကျုပ်ကိုယ်တိုင် သေသေချာချာ ခွင့်တောင်းပြီး ရေကန်ထဲကကြာတွေကို ခူးပေးခဲ့တာပါ၊ နောက်ပြီး ရေကလည်း မနက်ပါဘူးဗျာ..တိမ်တိမ်လေးပါ၊ ကလေးတစ်ယောက်တောင် ရေထဲ ဆင်းလျှောက်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ရာ သူဌေးဦးစိန်ကြောင်သည် ဒေါသ ချောင်းချောင်းထွက်သွားပြီး မအိမ်သူကမူဝမ်းမြောက်ဝမ်းသာဟန်ဖြင့် ပျော်ရွှင်ပြုံးပြုံး ဖြစ်နေလေ၏။

ရှေ့နေဦးဘကြည်သည် နေဝင်းကို ဆက်မမေးတော့ဘဲ ရပ်တန့်လိုက်လေ၏။

တရားခွင် ပြီးဆုံးသောအခါ သူဌေးဦးစိန်ကြောင်သည် နေဝင်း၏ အနီးသို့ ဒေါသတကြီး ရောက်လာပြီး

"မင်း ငါတို့ကို ကလိမ်ကျပြီး နောက်ကျောကို ဓားနဲ့ထိုးလိုက်တာပေါ့လေ"

ဟုပြောဆိုလေရာ နေဝင်းက မထိလေးစား အမူအရာဖြင့်

"ဒီမှာ ဘုရားဒါယိကာ တစ်ယောက်လုပ်နေပြီး မိန်းမသားတစ်ယောက်ကို နေ့ဂုဏ်အားကိုးနဲ့ မတရားဖိနှိပ်နေတာ





ခင်ဗျား မရှက်ဘူးလား၊ ကျုပ်ကတော့ မတရားတာမြင်ရင် လက်ပိုက်ကြည့်မနေတတ်ဘူး"

ဟုပြောလိုက်လေ၏။

သူဌေးဦးစိန်ကြောင်က နေဝင်းကို စူးစူးဝါးဝါး ကြည့်ပြီး

"မင်း ဒီနယ်က မဟုတ်လို့ ငါ့အကြောင်းမသိသေးဘူး ထင်တယ်၊ ထမင်းဝဝ စားထားပေတော့"

ဟုကြုံးဝါးလိုက်ရာ နေဝင်းက တုန်လှုပ်ဟန် မရှိဘဲ

"ရေနစ်သူကို ဝါးကူမထိုးနိုင်ဘူး၊ ခင်ဗျားကြီး မကျေနပ်ရင် ကြိုက်သလိုလုပ်"

ဟုပြောလိုက်ရာ ဦးစိန်ကြောင်သည် နေဝင်း၏ အနီးမှ ဒေါသတကြီးထွက်သွားလေ၏။

ထိုအခါ အနီးသို့ မအိမ်သူ ရောက်လာပြီး

"ကျေးဇူးတင်လိုက်တာ ဆရာရယ်..ဆရာ တကယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



အိမ်သူဘက်က လိုက်ပေးတယ်နော်"

ဟုပြောလေရာ နေဝင်းက သက်ပြင်းချပြီး

"အားနည်းတဲ့သူဘက်က ရပ်တည်ပေးတာပါ၊ အင်အား

ကြီးတဲ့ သူတွေက မအိမ်သူ တစ်ယောက်တည်းကို ဝိုင်းအနိုင်

ကျင့်တာ ကျုပ်မကြည့်ရက်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျုပ်က

စာရေးဆရာ ဖြစ်နေတာကိုး"

ဟုပြောလေ၏။

မအိမ်သူက နေဝင်း၏ မျက်နှာကို ကြည့်ပြီး

"ဘာပဲဖြစ်ဖြစ် ဆရာသာ ဦးစိန်ကြောင်ဘက်က ရပ်

တည်ပေးရင် အိမ်သူတို့ သားအမိ အကြီးအကျယ် ဒုက္ခရောက်

မှာ သေချာတယ်"

ဟုပြောရင်း

"ဪ..ဆရာ့ကိုဖိတ်ရဦးမယ်၊ မနက်ဖြန် ကျွန်မ မွေးနေ့





လေ..ဒါကြောင့် နံနက်ပိုင်း အိမ်ကိုကြွခဲ့ပါဦးနော်"

ဟုဆိုလိုက်ရာ နေဝင်းက မအိမ်သူကို မျက်လုံးချင်း ဆုံ

အောင်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင် နေဝင်းသည် မအိမ်သူ၏ မွေးနေ့ပွဲ

သို့ ရောက်သောအခါ မည်သူ တစ်ဦးတစ်ယောက်မျှ မတွေ့

သဖြင့် အံ့သြနေစဉ် မအိမ်သူက ခရီးဦးကြိုပြီး

"သူစိမ်းဧည့်သည်တစ်ယောက်မှ မဖိတ်ထားဘူးဆရာ-

အိမ်နီးချင်းတွေကို ချိုင့်နဲ့ ပို့ပေးလိုက်တယ်"

ဟု ပြောရင်း နေဝင်းကို အိမ်ထဲသို့ ခေါ်ဆောင်သွား[illegible]





[illegible]။

မအိမ်သူသည် အညိုရောင် ပိုးထည် လုံချည်ဖြင့် ပဒုမ္မာ

အင်္ကျီကို ဝတ်ဆင်ထားပြီး လွန်စွာ ချောမောလှပနေလေ၏။

ထိုမျှ လှပသော မိန်းမသား တစ်ယောက်နှင့် မိမိ ရင်းနှီး

ကျွမ်းဝင်ခြင်းကို မေ သဝန်တိုနေမည်လားမသိရေး...။

မအိမ်သူသည် နေဝင်းကိုရှိုသာသော စကားတို့ကို ဆိုပြီး

ကိုလေသေးမရှိအောင် ပြုစုလေရာ မေ၏ကြင်နာယုယမှုတို့ကို

မြင်ယောင်ပြီး နေဝင်း၏ ရင်ထဲတွင် ညှိုးနွမ်းသွားပြန်၏။

မအိမ်သူက နေဝင်း၏ အမူအယာကို ကြည့်ပြီး

"အစ်မဆုံးတာ ကြားရလို့ စိတ်မကောင်းပါဘူးဆရာ..သူ

ဒီကို လာတုန်းက အိမ်သူ တွေ့ဖူးလို့ အလွန်လှတယ်ဆိုတာ

သိတယ်"

ဟုဆိုလိုက်ရာ နေဝင်းက မအိမ်သူကို မျက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ကြုတ်ကြည့်ပြီး

"သူ့ကို ဘယ်မှာတွေ့တာလဲ၊ တစ်ယောက်တည်းလား"

ဟုမေးမြန်းလိုက်ရာ မအိမ်သူက ခေါင်းခါယမ်းပြီး

"မိသားစု ထမင်းဆိုင်မှာ အမျိုးသားတစ်ယောက်နဲ့ တွေ့

တာဆရာ"

ဟုဖြေလေ၏။ မအိမ်သူ၏ အဖြေကြောင့် နေဝင်း၏ ရင်

ထဲတွင် ပူလောင်သွားပြီး

"အဲဒီလူ ဘယ်သူလဲ သိလားမအိမ်သူ"

ဟုမေးမြန်းလိုက်ရာ မအိမ်သူက ခေါင်းခါယမ်းပြီး

"နောက်ကျောကမြင်လိုက်တာပါ၊ သဲသဲကွဲကွဲမမြင်

ဘူး...ဘာဖြစ်လို့လဲ"

ဟုမေးမြန်းလေ၏။

နေဝင်းသည် ပူလောင်မှုများကိုဖြေဖျောက်စေရန် မအိမ်





ထဲတွင် ရင်ဖွင့်ရန် ဆုံးဖြတ်လိုက်၏။

မအိမ်သူသည် နေဝင်း၏ ခံစားချက်များကို စိတ်ဝင်စား

စွာ နားထောင်ပြီး

"ဆရာ ခံစားချက်တွေကို အိမ်သူ နားလည်ပါတယ်၊ ဒါပေ

မဲ့ပြီးခဲ့တဲ့ ကိစ္စတွေကို မေ့ပျောက် ထားနိုင်ရင် ဆရာရဲ့နာ ကျင်မှု

တွေ သက်သာသွားလိမ့်မယ်"

ဟုပြောလေရာ နေဝင်းက ခေါင်းခါယမ်းလိုက်ပြီး

"ဒါပေမဲ့ ကျုပ်ရင်ထဲမှာ မေ့ပျောက်လို့ မရနိုင်ဘူး... ကျုပ်

နဲ့မဟာ ရေးအငြိမ့်မင်းသမီး တစ်ယောက်ကို ဘာဖြစ်လို့

လောက်တောင် စွဲလန်းနေသလဲ..မဟာမြိုင်ကို မကြာခဏ

ဘာပြီး အမည်မသိ ယောကျ်ား တစ်ယောက်နဲ့ တွေ့ဆုံနေတာ

ဘာကြောင့်လဲ ဆိုတဲ့ မေးခွန်းတွေရဲ့ အဖြေကို မရမချင်း ကျုပ်

ဘူနပ်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ မအိမ်သူက နေဝင်းကို စာနာနားလည်ဟန်ဖြင့် ကြည့်ပြီး

"သေသောသူ ကြာရင်မေ့ဆိုတဲ့ စကားလဲ ရှိပါတယ် ဆရာ"

ဟုဆိုလိုက်ရာ နေဝင်းက အဝေးဆီသို့ ငေးကြည့်ပြီး

"ကျုပ်စာရေးလို့မရတာ ကြာပြီ..သူ့အနားမှာ ရှိမနေရင် ကျုပ်စာရေးလို့မရဘူး"

ဟုပြောလေရာ မအိမ်သူက ကရုဏာသက်ဟန်ဖြင့် ကြည့်ပြီး

"ဆရာ..ဒီမြို့ကို လာမိတာမှားပြီထင်တယ်"

ဟုပြောလေ၏။ နေဝင်းက သက်ပြင်းချပြီး

"ဒီမြို့ကို လာဖို့ ဖိတ်ခေါ်ခဲ့တာ မေကိုယ်တိုင်ပဲ..ဒါကြောင့် ဒီပြဿနာကို မေကိုယ်တိုင် ပြန်ရှင်းလိမ့်မယ် ထင်တယ်"





ဟုပြောလေ၏။ မအိမ်သူက နေဝင်းကို ကြည့်ပြီး

"ဘုရား ဒါယိကာ ဦးစိန်ကြောင်ကို ဆရာ ဆန့်ကျင်တဲ့အတွက် အန္တရာယ်နဲ့ကြုံတွေ့ရနိုင်တယ်၊ ဆရာ ဘယ်ကိုသွားသွား စားသတိ သွားသတိ ရှိပါနော်"

ဟုသတိပေးလေရာ နေဝင်းက မျက်မှောင်ကြုတ်ပြီး

"ဦးစိန်ကြောင်ဟာ ဒီလောက်တောင် ဆိုးသလား"

ဟုမေးမြန်းလေရာ မအိမ်သူက သက်ပြင်းချပြီး

"ကျွန်မရဲ့ကရေကာရာ မှန့်ဆိုင်လေးကို မီးရှို့တာခံဖူးတယ်၊ အိမ်အပြန်လမ်းမှာ လူရမ်းကားတစ်စုရဲ့ မတရားကျင့်ဖို့ ကြိုးစားတာလဲ ကြုံဖူးတယ်၊ ဒီလူကြီးဟာ မြို့မျက်နှာဖုံး ဖြစ်ပြီး ဂုဏ်သိက္ခာကြီးတဲ့အတွက် သူ့လိုလူကို အံတုဖို့မလွယ်ဘူး"

ဟုပြောလေ၏။

နေဝင်းက အံကိုကြိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"သူတော်ကောင်းဟန်ဆောင်ပြီး မိန်းမသား တစ်ယောက်ကိုနေ့ကုန်အားကိုးနဲ့ အနိုင်ကျင့်တာ ကျုပ်မကြိုက်ဘူး၊ ဒါကြောင့် ဦးစိန်ကြောင်ကို ပညာ ပေးချင်သေးတယ်"

ဟုပြောလေ၏။

နေဝင်းအိမ်သို့ ရောက်သောအခါ ဆွဲလဲလေးအနီးသို့ လျှောက်လှမ်းသွားပြီး

"ကိုယ်လုပ်တာမှန်ရဲ့လားမေ၊ ပြောပါဦး"

ဟုရေရွတ်လိုက်ရာ ဆွဲလွဲလေးသည် လှုပ်ခါခြင်းမရှိဘဲ ငြိမ်သက်နေလေ၏။

နေဝင်းက ဆွဲလွဲလေးကိုအတန်ကြာအောင်စိုက်ကြည့်ပြီး

"ပြောပါဦးမေ...ကိုယ်လုပ်တာမှန်ရဲ့လား"

ဟုမေးမြန်းသော်လည်း ဆွဲလွဲလေးသည် လှုပ်ခါခြင်းမရှိဘဲ ငြိမ်သက်မြဲငြိမ်သက်နေလေ၏။ နေဝင်းက သက်ပြင်းချပြီး





"မေကိုယ့်ကိုဘာဖြစ်လို့စိတ်ဆိုးတာလဲမိန်းမချောလေး …ယောက်ရဲ့မွေးနေ့ကိုသွားလို့လား...ကိုယ့်ဘက်က ရိုးရိုး သား …ပါကွာ"

ဟုပြောလိုက်၏။

ထိုစဉ် အိမ်သန့်ရှင်းရေးလုပ်ပေးမည့် အဒေါ်ကြီး ရောက် …ာလေ၏။ အဒေါ်ကြီး၏အမည်မှာ ဒေါ်ကြီးတင်ဖြစ်ပြီး ရိုးသား …သော အမူအယာရှိလေ၏။

နေဝင်းသည် အဒေါ်ကြီးကိုသန့်ရှင်းရေးပြုလုပ်ရန် စေ …ပြီး အိမ်ပေါ်ထပ်သို့ တက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ညသို့ရောက်သောအခါနေဝင်းသည် ခုတင်ပေါ်တွင်လှဲ
လိမ့်ရင်း သီချင်းသံသဲ့သဲ့ကြားရသဖြင့် အထိတ်တလန့် ထထိုင်
လိုက်၏။

သီချင်းကို သေချာစွာ နားထောင်ကြည့်သောအခါ အငြိမ်း
မင်းသမီး မြနှင်းဆီ၏သီချင်းဖြစ်သဖြင့် ပိုမိုပြီး ထိတ်လန့်သွား
လေ၏။

——— မြနှင်းဆီတာပေ ———




www.burmeseclassic.com

www.burmeseclassic.com



ညကြီးအချိန်မတော် မြနှင်းဆီ၏ သီချင်းကို မိမိအဘယ်ကြောင့် ကြားသိရသနည်း… သီချင်းသံသည် ဓါတ်စက်သီချင်းမဟုတ်ဘဲ ပကတိ လူသားတစ်ဦး သီဆိုနေသည့်သီချင်းမျိုးဖြစ်ပြီး ဝရန်တာဘက်မှ ပြန့်လွင့်လာခြင်း ဖြစ်၏။

နေဝင်းသည် စိတ်လှုပ်ရှားစွာဖြင့် ဝရန်တာဆီသို့ လျှောက်လှမ်းသွားပြီးတုန်ယင်သော လက်များဖြင့် တံခါးကို ဖွင့်လိုက်လေ၏။

ထိုအခါ ကျယ်ဝန်းသော ဝရန်တာ၏ တစ်ဖက်စွန်း၌ ဘေးတစ်စောင်းရပ်ပြီး သီချင်းဆိုနေသော အငြိမ့်မင်းသမီး မြနှင်းဆီကို တွေ့ရ၏။

မြနှင်းဆီသည် သီချင်းဆိုနေရာမှ နေဝင်းကို ငဲ့စောင်းကြည့်ပြီး နေဝင်းရှိရာသို့ တရွေ့ရွေ့လှမ်းလာလေ၏။ နေဝင်းက သူမကို အံ့သြဟန်ဖြင့်ကြည့်လိုက်ပြီး





"ခင်ဗျား အငြိမ့်မင်းသမီး မြနှင်းဆီ မဟုတ်လား၊ ကျုပ်အိမ်ထဲကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ"

ဟုမေးမြန်းလိုက်ရာ မြနှင်းဆီက သီချင်းဆိုခြင်းကို ရပ်တန့်ပြီး နေဝင်းကို ညို့ငင်သော မျက်လုံးများဖြင့် ကြည့်ကာ

"ရှင့်နဲ့ကျွန်မက သူစိမ်းတွေမဟုတ်ပါဘူး…ကျွန်မတို့အိပ်မက်ထဲမှာ အကြိမ်ကြိမ်တွေ့ဖူးတယ်လေ…ရှင့်က သိပ်ပြီးတော့ ခွဲမက်ဖို့ ကောင်းတဲ့ ယောကျ်ား တစ်ယောက်ပဲ…ဒါကြောင့် ရှင့်ဆီကို ကျွန်မ အရောက်လာခဲ့တာ"

ဟုဆိုလိုက်ရာ နေဝင်းက ကမန်းကတန်း လက်ကာပြီး

"ဒီမှာ…ခင်ဗျားဘာတွေ ပြောနေတာလဲ၊ ကျုပ်ဟာ အိမ်ထောင်ရှင်ဗျ၊ လူပျိုလူလွတ်မဟုတ်ဘူး"

ဟုပြောလိုက်ရာ မြနှင်းဆီက နေဝင်းကို ညို့ငင်သော အကြည့်ဖြင့်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ရှင်အခုတော့ လွတ်လပ်သူ တစ်ယောက် ဖြစ်နေပါပြီ ရှင့် မိန်းမမှ မရှိတော့တာ"

ဟုဆိုကာ အရှေ့သို့ တိုးပြီး နေဝင်းကို ပွေ့ဖက်ရန် ကြိုးစားလိုက်၏။ နေဝင်းက အနောက်သို့ ကမန်းကတန်း ဆုတ်လိုက်ပြီး ဝရန်တာ တံခါးကို အလျှင်မြန် ပိတ်လိုက်လေ၏။

နေဝင်းသည် အိပ်ခန်းထဲသို့ ရောက်သောအခါမှပင် ရင်အေးသွားပြီး ခုတင်ပေါ်သို့ လှမ်းကြည့်လိုက်ရာ ဇနီးဖြစ်သူကို မြင်တွေ့လိုက်ရသဖြင့် အလွန်အံ့သြ ဝမ်းသာသွားပြီး

"မေ..မေ ကိုယ့်ဆီကို ပြန်လာပြီနော်.ဝမ်းသာလိုက်တာကွာ"

ဟုဆိုကာ မေ့ကို ဝမ်းသာအားရ ပွေ့ဖက်လိုက်၏။

နေဝင်းသည် မေ့ကိုပျောက်ဆုံးသွားမည့်အလား အားပါးတရ ပွေ့ဖက်ထားစဉ် မေ့နေရာ၌ အငြိမ့်မင်းသမီး မြနှင်းဆီ





ဖြစ်ပြောင်းလဲသွားသဖြင့် အထိတ်တလန့် အော်ဟစ်ပြီး နောက်သို့တွန်းလွှတ်လိုက်၏။

ထိုအခါမှပင် နေဝင်းသည် အိပ်ယာမှ လန့်နိုးလာပြီး မိမိ အိပ်မက်ဆိုး မက်နေကြောင်း သိရလေ၏။ နေဝင်းသည် အိပ်မက်ထဲတွင် မေ့ကို နီးနီးကပ်ကပ် မြင်လိုက်ရသဖြင့် ရင်ထဲတွင် လှိုက်လှိုက်ဖိုနေလေ၏။

အမှန်တကယ်ဘဲ ကိုယ့်ဘဝထဲကို ပြန်လာခဲ့ရင် သိပ်ကောင်းမှာပဲ မေရယ်.....။



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် နောက်တစ်နေ့ နံနက် အိပ်ယာနိုးသော

အခါ မြို့ပြင်တောလမ်းသို့ လမ်းလျှောက်ထွက်ခဲ့ရာ တောလ

၏ တစ်နေရာ၌ရွှေမျက်နှာ နတ်ကွန်းကိုတွေ့လေ၏။

ရွှေမျက်နှာနတ်ကွန်းသည် အရုပ်မတစ်ယောက်၏ အိ

မက်အရတည်ထားခြင်းဖြစ်ပြီး နတ်ရုပ်၏ မျက်နှာပြင် တစ်ခု

ရွှေချထားလေ၏။

နေဝင်းသည်ငယ်စဉ်ကရွှေမျက်နှာ နတ်ကွန်းသို့ရောက်





တိုင်း သူတစ်ပါးကဲ့သို့ ဆုတောင်းခြင်းမရှိဘဲ -

"ရွှေမျက်နှာသခင်မ တောထဲမှာ တစ်ယောက်တည်း ပျင်းနေပြီလား"

ဟု နှုတ်ဆက်လေ့ရှိ၏။ ယခုတော့ဖာတိမြို့မှ ဝေးကွာသွားသဖြင့် ရွှေမျက်နှာ နတ်ကွန်းနှင့် ဝေးနေသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နေ၏။

နေဝင်းသည် ရွှေမျက်နှာနတ်ကွန်းသို့ရောက်သောအခါ

"ကျုပ်တို့မတွေ့တာ နှစ်တွေအများကြီးကြာ နေပြီ.. ခင်ဗျား တစ်ယောက်တည်း မပျင်းဘူးလား"

ဟုနှုတ်ဆက်ကာ တောလမ်းအတိုင်း ဆက်လက်လျှောက်လှမ်းခဲ့လေ၏။

နေဝင်းသည် တောထဲတွင်အတန်ကြာအောင် လျှောက်လှမ်းပြီး အိမ်သို့ပြန်ရောက်သောအခါ တံခါးဝတွင် အမှတ်



www.burmeseclassic.com

www.burmeseclassic.com



အသား ပြုလုပ်ထားသော အရာများ ပျက်ယွင်းနေသဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး ခြေသံလုံလုံဖြင့် အိမ်ကို တစ်ပတ်ပတ်လိုက်လေ၏။

ထို့နောက် အိပ်၏ အနောက်ရှိ စတိုခန်းတံခါးကို အသံမထွက်အောင်ဖွင့်ပြီး အိမ်ထဲသို့ ဝင်လိုက်၏။ နေဝင်းသည် မီးဖိုချောင် နံရံကို ကျောမှီပြီး ချောင်းမြောင်း ကြည့်လိုက်သောအခါ ဧည့်ခန်းထဲတွင် လူဆိုးတစ်ဦးကို မြင်ရ၏။

ထိုလူဆိုး၏လက်ထဲတွင် ဓားမြှောင် တစ်ချောင်းကိုကိုင်ထားသဖြင့် ရန်ပြုမည့်သူ ဖြစ်ကြောင်း သေချာသွားလေ၏။

နေဝင်းသည် မီးဖိုချောင် တံခါးကြားထဲတွင် ရှိသော ဝါးရင်းတုတ်ကို ကိုင်ပြီး လူဆိုးအနီးသို့ ချည်းကပ်သွားလေ၏။

လူဆိုးသည် နေဝင်းကို မမြင်ဘဲ ပြတင်းပေါက်မှ အပြင်သို့ ချောင်းကြည့်နေ၏။





နေဝင်းသည် လူဆိုးအနီးသို့ ရောက်အောင်သွားပြီး အနောက်မှ အသံပြုလိုက်ရာ လူဆိုးသည် လန့်ပြီး အော်လိုက်လေ၏။

နေဝင်းက လူဆိုးကို ဝါးရင်းတုတ်ပြလိုက်ပြီး

"ဝါးရင်းတုတ်ရဲ့အရသာကို မြည်းကြည့်ပါဦး"

ဟုဆိုကာ လူဆိုး၏ ခေါင်းကို ဝါးရင်းတုတ်ဖြင့် ရိုက်လိုက်ရာ လူဆိုးမေ့မျောသွားလေ၏။

နေဝင်းသည် လူဆိုးကို အိမ်ထဲမှ ဆွဲထုတ်လိုက်ပြီး ချက်နာကို ရေဖြင့်ပက်ကာ သတိရအောင်ပြုလုပ်၏။ လူဆိုး သတိရလာသောအခါ ဝါးရင်းတုတ်ဖြင့် ရွယ်ပြီး

"ငါ့ကို ဘယ်သူလုပ်ကြံခိုင်းတာလဲ"

ဟုမေးမြန်းလေရာ လူဆိုးသည် မလိမ်ဝံ့တော့ဘဲ ဦးစိန်ကြောင် ငွေပေးပြီးခိုင်းစေသည်ဟု ထွက်ဆိုလေ၏။



www.burmeseclassic.com

နေဝင်းက တက် တစ်ချက်ခေါက်ပြီး

"ဟော့ကောင်.. ဦးစိန်ကြောင်ကို ပြောလိုက်.. ဒီအမှုကို


ငါကိုယ်တိုင် ရှေ့တန်းကရပ်ပြီး မနိုင်နိုင်အောင် တိုက်မယ် လို့

ပြောလိုက်"

ဟုမှာကြားကာ လူဆိုးအား ပြန်လွှတ် ပေးလိုက်လေ၏။

နေဝင်းသည် ထိုအချိန်မှစပြီး မဟာမြိုင်၌ မိမိ၏ အလုပ်

တစ်ခုတိုးလာပြီ ဖြစ်ကြောင်း ရိပ်စားမိလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် ဦးစိန်ကြောင်၏ သတင်းကို မပြတ်စုံစမ်း၍ နေလေရာ မကြာမီအိမ်အကူ ဒေါ်ကြီးတင်ထံမှ ဦးစိန်ကြောင်၏ ကျန်းမာရေးနှင့်ပတ်သက်သော သတင်းတစ်ခုကို ရလေ၏။

နေဝင်းသည် ထိုသတင်းကြောင့်အကြံရသွားပြီး ရန်ကုန်ရှိ မိတ်ဆွေဖြစ်သူ အရှုပ်မစိန်စိန် ထံသို့ ဖုန်းဆက်လိုက်လေရာ အရှုပ်မစိန်စိန်သည် နေဝင်း ရှိရာမြို့သို့ ရောက်ရှိလာ၏။

အရှုပ်မစိန်စိန်သည် နေဝင်းနှင့် ကျောင်းနေဖက်ဖြစ်ပြီး





ဉပစာအောက်တန်း မအောင်မီ ဝန်ထောက်ကတော်ဘဝကို ခံယူသွားရာမှ လင်သေမုဆိုးမ ဖြစ်ကာ တရုတ်တန်းရှိ ကလပ်များ၌ ကျင်လည်နေသူဖြစ်၏။

အရှုပ်မစိန်စိန်သည် နေဝင်းကို မြင်သည်နှင့် ပခုံးကို ဖြေးဖက်လိုက်ပြီး

"သူငယ်ချင်းရယ်...နင့်မိန်းမ ဆုံးကတည်းက နင်ငါ့ကို ခေါ်ပြီးချစ်ရေးဆိုတော့မှာငါသိပါတယ်...နင်နဲ့ငါကတစ်ယောက်နဲ့တစ်ယောက် အတွင်းသိ အစင်းသိ ဆိုသော အချိန်ယူပြီး သိပ်စဉ်းစားမနေတော့ပါဘူး၊ တစ်ခါတည်း လက်ထပ်လိုက်ကြတာပေါ့...မြို့တော်ခန်းမမှာလား၊ ပန်းဆိုးတန်းက ဗီယာနာ ကဖေးဆိုက်လား၊ ကမ်းနားလမ်းက စထရင်းလား"

ဟုမေးမြန်းလိုက်ရာ နေဝင်းက လက်ကာပြပြီး

"အမလေး...ငါ့ကိုတော့ ချမ်းသာပေးပါ အရှုပ်မရယ်...



www.burmeseclassic.com

www.burmeseclassic.com



နှင့်လိုကောင်မပျိုးနဲ့ အကြောင်းဆက်ပြီး ပေါင်းဖက်လိုက်ရင် ငါ့ဘဝ တစ်ခုလုံး ရေစုန်မျောမှာ သေချာတယ်"

ဟုငြင်းဆန်လိုက်ရာ အရှုပ်မစိန်စိန်က

"မမျောစေရပါဘူး သူငယ်ချင်းရယ်..နင်နဲ့ ရပြီးရင် ငါ့ ရှည်းစားတွေ အကုန်လုံးကို အဆက်ဖြတ်ပါ့မယ်"

ဟုပြောပြန်၏။

နေဝင်းက ကမန်းကတန်းလိုက်ကာပြုပြီး

"ကန်တော့ဆွမ်းပါပဲ စိန်စိန်ရယ်.. သည်းခံပါ"

ဟုတောင်းပန်လေ၏။

ထိုအခါမှပင် စိန်စိန်က တဟားဟား ရယ်မောလိုက်ပြီး

"ကဲ...ဘယ်ယောက်ျားကိုပါးပါးလိုးရမလဲ..နတ်နတ်စဉ်း ရမလဲ"

ဟုမေးမြန်းလေ၏။





နေဝင်းက သက်ပြင်းချပြီး

"ငါတို့ မြို့က သူဌေးကြီးဟာ ကျန်းမာရေး မကောင်းလို့ ရန်ကုန်မြို့က ထိတ်ထိတ်ကြ ဆရာဝန်ကြီးကို ပင့်ပြီး တိတ်တ ဆိတ်ကုနေတယ်၊ ဆရာဝန်ကြီးကမြို့ကို တစ်ပတ်တစ်ကြိမ် လာပြီး သူဌေးကြီးရဲ့ကျန်း မာရေးကို စစ်ဆေးရတယ်၊ ဆရာဝန် ကြီး နံမည်က ဗိဂျေဆင်းတဲ့၊ ငါလိုချင်တာက ဒေါက်တာ ဗိဂျေ ဆင်းဆီက သူဌေးကြီးရဲ့ဆေးမှတ်တမ်းတွေပဲ"

ဟုဆိုလိုက်ရာ အရှုပ်မစိန်စိန်က မျက်လုံးများမှေးစင်းပြီး

"ငက်ပျောသီး အခွံနွှာ သလောက်တော့ မလွယ်ဘူး၊ ဒေါက်တာဗိဂျေဆင်းအသက် ဘယ်လောက်ရှိပြီလဲ"

ဟုမေးမြန်းလေ၏။

နေဝင်းက မျက်မှောင်ကြုတ်ပြီး

"ငါးဆယ်ကျော်လောက် ရှိပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဖြေလိုက်ရာ အရှုပ်မစိန်စိန်က

"သိပ်သေချာတာပေါ့၊ ဒေါက်တာပီရေဂျဆင်း မြို့ကို ရောက်တဲ့နေ့မှာ ဆေးမှတ်တမ်းတွေ အရယူပေးမယ်"

ဟုအာမခံလေ၏။

နေဝင်းက ခေါင်းညိတ်ပြီး

"နင်လုပ်ရင် အောင်မြင်မယ်ဆိုတာ သိတယ်"

ဟုပြောလေ၏။

နောက်တစ်နေ့တွင်ဒေါက်တာ ပီရေဂျဆင်းသည် မြို့ကို ရောက်လာပြီး ဦးစိန်ကြောင်၏ ကျန်းမာရေးကို စစ်ဆေး လေ၏။

ထိုအခါအရှုပ်မစိန်စိန်သည်အလှဆုံးဝတ်ဆင်ပြီး ဒေါက်တာ ပီရေဂျဆင်းအပြန်ကို မြို့ပြင်မှသွားစောင့်လေ၏။

ပီရေဂျဆင်း ကား မြို့ပြင်ရောက်သောအခါ လမ်းပေါ်သို့ တက်ပြီးတားလေ၏။ အရှုပ်မစိန်စိန်သည် ရုပ်ရည် အထက်





ဘန်းကျပြီး အဆင့်အတန်းမြင့်မြင့် ဆင်ယင်ထားသဖြင့် လူမိုက်ကြီး ပီရေဂျဆင်းသည် ကားကို ရပ်ပေးလေ၏။

ထိုအခါ အရှုပ်မစိန်စိန်က အဆင့်အတန်းမြင့်သော အင်္ဂလိပ်စကားဖြင့် ရန်ကုန်သို့ ကောလိပ်ကျောင်းအမီ ပြန်ရန် အတွက် ကားကြုံလိုက်ချင်ကြောင်း အကူအညီတောင်းလေရာ ပီရေဂျဆင်းက ကားကြုံခေါ်သွားလေ၏။

အရှုပ်မစိန်စိန်သည် လှည်းကူးသို့ ရောက်သောအခါ နွားနို့သောက်ချင်သည် ဆိုပြီး ကားပေါ်က ဆင်းကာ နွားနို့ ရောင်းသော ခြံကြီးသို့ ထဲသို့ ဒေါက်တာပီရေဂျဆင်းကိုလည်း အပါခေါ်လေ၏။

ဒေါက်တာပီရေဂျဆင်း နွားနို့ဆင်းသောက်နေစဉ် အရှုပ်မ ိန်စိန်က ရှုဆေးဗူး လိုချင်သည် ဆိုကာ ကားဆီသို့ တစ်ခေါက် ြန်သွားပြီး သူ့ဌေးဦးစိန်ကြောင်၏ ဆေးမှတ်တမ်းများကို ခိုးယူ



www.burmeseclassic.com

www.burmeseclassic.com




လိုက်၏။

ပြီးနောက် ဒေါက်တာဝိဂျေဆင်းထံသို့ ဟန်မပျက်ပြန်လာခဲ့၏။ ရန်ကုန်သို့ ရောက်သောအခါ ဂျက်ဆင်ကောလိပ်ရှေ့၌ ဒေါက်တာဝိဂျေဆင်း၏ ကားပေါ်မှ ဆင်းလေရာ လူပျိုကြီး ဒေါက်တာဝိဂျေဆင်းက အရှုပ်မစိန်စိန်ကို နောက်တစ်ကြိမ် ပြန်လည်ဆုံတွေ့ရန် တောင်းဆိုလေ၏။

အရှုပ်မစိန်စိန်က ဒေါက်တာဝိဂျေဆင်းကို မူယာမာယာသုံးပြီး လှည့်စားကာ ကောလိပ်ကျောင်းဝန်း အတွင်းသို့ ခပ်တည်တည် ဝင်ရောက်သွားလေ၏။ လူပျိုကြီး ဝိဂျေဆင်းသည် အရှုပ်မစိန်စိန်၏နောက်ကျောကို မျက်စိ ဟစ်ဆုံးကြည့်ပြီး ကျန်ရစ်ခဲ့လေ၏။





www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် ဦးစိန်ကြောင်၏ ဆေးမှတ်တမ်းကို ရရှိပြီး နောက် မအိမ်သူ၏ ရှေ့နေအား ပေးလိုက်သောအခါ ရှေ့နေ ဝမ်းမြောက်ဝမ်းသာဖြင့်

" ဒီအမှုမှာ ဆေးမှတ်တမ်းက သိပ်ပြီး အဘိုးတန်တယ် ဦးစိန်ကြောင်လို နှလုံးရောဂါပြင်းထန်နေတဲ့လူကြီးတစ်ယောက် ဟာ ဘယ်လိုမှ အုပ်ထိန်းသူတစ်ယောက် မဖြစ်ထိုက်ဘူး





တရားသူကြီးက ဆုံးဖြတ်မှာပဲ"

ဟုပြောလေ၏။

မအိမ်သူ၏ရှေ့နေစကားမှန်ကန်၏။ထိုအမှုတွင် နေဝင်း၏သက်သေခံချက် မရသည့်အပြင်ဦးစိန်ကြောင်၏ ကျန်းမာရေး အခြေအနေကို ရုံးတော်သို့ တင်ပြနိုင်သဖြင့် ရုံးတော်က ဦးစိန်ကြောင်၏ အုပ်ထိန်းခွင့် လျှောက်ထားခြင်းကို ပြန်လည်သုံးသပ်မည်ဆိုကာ နောက်အပတ် ရုံးချိန်းလိုက်၏။

မအိမ်သူသည် ရုံးချိန်းပြီးသည်နှင့် နေဝင်း၏အိမ်သို့ ရောက်လာပြီး

"ကျေးဇူးတင်လိုက်တာ ဆရာရယ်..ဆရာ ကူညီလို့ ကျွန်မတို့သားအမိ မခွဲရတော့ဘူး၊ဒီအမှုမှာ ကျွန်မတို့နိုင်မှာ သေချာနေပြီ"

ဟုဆိုလိုက်ရာ နေဝင်းက



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကြီးရဲ့ယုတ်မာမှုတွေကိုကျူပ်ရှုံရှာလွှန်းလို့မအိမ်သူရဲ့ဘက်ကရပ်တည်ခဲ့တာ"

ဟုဆိုလိုက်ရာမအိမ်သူက

"ဘာပဲဖြစ်ဖြစ် ဆရာ့ကျေးဇူးကို တစ်သက်မမေ့ပါဘူး"

ဟု အကြိမ်ကြိမ် အခါခါ ပြောဆိုလေ၏။

နေဝင်းသည်မအိမ်သူပြန်သောအခါအိမ်အပြင်သို့လိုက်လံပို့ဆောင်ပေးလေ၏။



နေဝင်းအိမ်ထဲသို့ ပြန်ရောက်သောအခါ မိန်းမတစ်ယောက်၏ စူးစူးဝါဝါး အော်ဟစ်လိုက်သော အသံကို အိမ်ပတ်ဝန်းကျင်အနှံ့ကြားရသဖြင့် နေဝင်းသည် တုန်လှုပ်ချောက်ချားပြီး တစ်အိမ်လုံးလိုက်ရှာသော်လည်း ထိုမိန်းမ၏ပုံသဏ္ဍာန်ကို မမြင်ရချေ။ နေဝင်းသည် ပိုမိုထိတ်လန့်ပြီး

"မင်း...ဘယ်သူလဲ...ဘာကြောင့်ငါ့အိမ်ထဲမှာ အော်တစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ"

ဟုမေးမြန်းလိုက်ရာ အော်သံ ရပ်မသွားဘဲ နာကျင်စွာ အော်ဟစ်လိုက်သောအသံ ပို၍ကျယ်လောင်လာသဖြင့်နေဝင်းက နားနစ်ဖက်ကို လက်ဖြင့်ပိတ်ကာ

"တော်ပါတော့..ကျုပ်နားတွေ ပူလှပြီ..မင်းဘယ်သူလဲ.. မင်းဘာလိုချင်လို့လဲ"

ဟုမေးမြန်းသောအခါမှပင် ထိုမိန်းမ၏ အော်သံ ရပ်တန့်သွားလေ၏။ ထိုမိန်းမသည် မည်သူနည်း..အဘယ်ကြောင့် မိမိအိမ်ထဲသို့ ပိုင်စိုးပိုင်ရောက် ဝင်ရောက်သောင်းကျန်း သနည်း ထိုအခိုက်မှာပင် အောက်ထပ်ဧည့်ခန်းထဲရှိ ဓာတ်စက်မှ အငြိမ့်မင်းသမီးမြနှင်းဆီ၏ သီချင်းသံ ထွက်ပေါ်လာ၏။

မင်းသမီးမြနှင်းဆီ ဂီတာဥ်သည် နစ်ပေါင်း များစွာတိုင်အောင် မကျွတ်မလွတ်ဘဲ မိမိနေအိမ်တွင် တည်ရှိနေသ လော..





နေဝင်းသည် အချိန်မတော် ထွက်ပေါ်လာသော မြနှင်းဆီ၏ သီချင်းကို နားထောင်ပြီး ဒေါသချောင်းချောင်း ထွက်ကာ

"ဒီမှာ..ရှေးခေတ်က မင်းသမီးကြီး..ခင်ဗျား..ဘာဖြစ်လို့ ကျုပ်တို့မိသားစုနဲ့ လာပတ်သက်နေရတာလဲ၊ ခင်ဗျားကြောင့် ကျုပ်တို့လင်မယား သေကွဲကွဲရပြီ၊ ခင်ဗျား တော်တော် ကြိုလ်မှုတဲ့ မိန်းမကြီးပဲ"

ဟုအော်ဟစ်ကာ မြနှင်းဆီ၏ သီချင်းဓါတ်ပြားကို ယူပြီး ရိုက်ချိုးလိုက်လေ၏။နေဝင်းသည် မဟာမြိုင်သို့ ရောက်ပြီး ပဟေဋ္ဌိ ပုစ္ဆာများကြောင့် ခေါင်းထဲတွင် ရှုပ်ထွေးကာ

"ဘာတွေဖြစ်နေပြီလဲ..ကိုယ့်ကိုပြောစမ်းပါမေ.. ကိုယ် နားမလည်တော့ဘူး..ကိုယ်မဟာမြိုင်ကို ရောက်လာတာ ခေါင်းရှုပ်စရာ ဖြစ်နေပြီ၊ကိုယ်ရူးတော့မယ်"

ဟုရေရွတ်ကာ စားပွဲတွင် ထိုင်ပြီး စာရွက်များပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်မဲ့ စာများကို ရေးသားနေလေ၏။ ထိုသို့ ရေးသားရင်း နေဝင်း၏ မျက်လုံးများ မှေးစင်းလာကာ စားပွဲခုံပေါ်တွင် ခေါင်းငိုက်စိုက်ကျပြီး အိပ်ပျော်သွားလေ၏။



နောက်တစ်နေ့ နံနက် နေဝင်း အိပ်ယာနိုးသောအခါ ညက အဓိပ္ပာယ်မဲ့ ရေးသားထားသော စာရွက်များကို လှန်လှောကြည့်ရှုပြီး ဝိုင်းစက်သောမှေ့လက်ရေးများကိုမြင်ရသဖြင့် စိတ်လှုပ်ရှားစွာ ဖတ်ရှုကြည့်လိုက်ရာ

"တစ်ချိန်ချိန်မှာ အဆုံးသတ်ကို ရောက်တော့မယ်၊ အားလုံး အတွက် ကျွန်မတို့ပေးဆပ်ရတော့မှာပါ"

ဟုရေးသားထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိအနီးမှာ မေ ရှိနေသရွေ့ စိတ်ဓါတ်အင်အား တက်ကြွနေသလို ခံစားရလေ၏။

နေဝင်းသည် တစ်ညလုံး အိပ်မရဘဲ ငြီးစီစီကြီး ဖြစ်နေသဖြင့် နံနက်စောစော လမ်းလျှောက်ထွက်ခဲ့၏။

မြို့ပြင်ရှိ ရွှေမျက်နှာ နတ်ကွန်းသို့ ရောက်သောအခါ နေဝင်းက ထုံးစံအတိုင်း နတ်ကွန်းဘက်လှည့်ပြီး

"ရွှေမျက်နှာနတ်ကြီးရေ..ခင်ဗျားကို ကြည့်ရတာပျင်းစရာဗျာ"

ဟုဆိုပြီး လမ်းဆက်လျှောက်ခဲ့ရာ တောင်ပေါ်ရှိကျောက်တုံးများသည်ထူးဆန်းစွာဖြင့်အောက်သို့တဝေါဝေါပြို ဆင်းလာ၏။

နေဝင်းသည် တောင်ပေါ်မှ ပြိုကျလာသော ကျောက်တုံးများကိုကြည့်ပြီးနတ်ကွန်းရှေ့မှ အထိတ်တလန့် ပြေးထွက်ခဲ့၏။





နေဝင်းသည် ကျောက်တုံးများ လွတ်ရာသို့ ရောက်သည်နှင့် တောင်ပေါ်သို့ မော့ကြည့်လိုက်ရာ လူသူအရိပ်အယောင်မမြင်ရသဖြင့်ကျောက်တုံးလိမ့်ကျခြင်းသည်အလွန်ထူးဆန်းနေလေ၏။

နေဝင်းသည် ရွှေမျက်နှာနတ်က "မိမိကို အမျက်တော်ရှပြီး ဒဏ်ခတ်ခြင်းပေလော"

ဟုတွေးမိပြီး နတ်ကွန်းရှိရာသို့လှမ်းမျှော်ကြည့်လိုက်ရာ ရွှေမျက်နှာနတ်က မိမိကို စူးစိုက်ကြည့်နေသယောင် ခံစားရလေ၏။

နေဝင်းသည် ရွှေမျက်နှာနတ်ကွန်းကို ကြည့်ပြီး စိတ်ထဲတွင်မသိုးမသန့် ခံစားရသဖြင့် နတ်ကွန်းအနီးမှ ထွက်ပြီး အမြန်ပြန်လာခဲ့၏။

အိမ်အပြန်လမ်းတစ်နေရာသို့အရောက်တွင် အရှိန်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



စွာ မောင်းနှင်လာသော ကားတစ်စီးသည် နေဝင်းကို ဝင်တိုက်ရန် ကြိုးစားပြန်၏။

နေဝင်းသည် ကားကို သတိထားကြည့်နေသဖြင့် လမ်းနံဘေး ချုံဖုတ်ထဲသို့ ခုန်လွှားပြီး ရှောင်နိုင်ခဲ့၏။

နေဝင်းသည် ကား၏ နောက်ကျောကို ကြည့်ပြီး ဒေါသတကြီး တက်ခေါက်ကာ

"လူယုတ်မာကြီး ဦးရွှေကြိုင် ခင်ဗျားအကြံ ဒါအကုန်ပဲလား"

ဟုအော်ဟစ်လိုက်လေ၏။ ဦးရွှေကြိုင်သည် မိမိကို နည်းအမျိုးမျိုးဖြင့် လုပ်ကြံနေလေ၏။



နေဝင်းသည် ဒေါသပုန်ထပြီး ဦးရွှေကြိုင်နှင့် ဖြေရှင်းရန် ၎င်း၏အိမ်သို့ ထွက်ခဲ့၏။ ထိုအခါ ခမ်းနားကြီးကျယ်သော အိမ်ကြီး၏ခြံဝင်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော ဦးရွှေကြိုင် ကို အဆင်သင့် တွေ့ရလေ၏။

နေဝင်းက ဦးရွှေကြိုင်ကို မြင်သောအခါ

"ဘုရားဒါယကာ ကျောင်းဒါယကာ အမည်ခံပြီး လုပ်ရပ်တာ အောက်တန်းကျလှချည်လား ဦးရွှေကြိုင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်ရာ ဦးရွှေကြိုင်က မထိလေးစား ရယ်မော လိုက်ပြီး

"မင်းလို မလောက်လေးမလောက်စား ကောင်လေး ကစ်ယောက်က ငါ့ကို ယှဉ်နိုင်မတဲ့လား။ဖါးတုလို့ ခရုခုန်ရင် ဖင်ကျိုးရုံပဲ ရှိလိမ့်မယ်"

ဟုပြောလေ၏။ နေဝင်းက အံကိုကြိတ်ပြီး

"ဒီမှာ..ဘုရားဒါယကာကြီး ခင်ဗျား ဒီအမှုမှာ ရှုံးကို ရှုံးစေ ရမယ်"

ဟုဆိုလိုက်ရာ ဦးရွှေကြိုင်က ရယ်မောလိုက်ပြီး

"ဒီခေတ်က ငွေများငွေနိုင်တဲ့ ကိုလိုနီခေတ် ဆိုတာလဲ မမေ့နဲ့ဦး၊ ဒီမှာ..ဒီကောင်မကို ထားခဲ့စမ်းပါ၊ မင်းငွေဘယ် လောက် လိုချင်သလဲ ငါပေးမယ်"

ဟုပြောလေ၏။





နေဝင်းက မထိလေးစားအမူအရာဖြင့်

"လည်ပင်းမှာ ပုတီးကြီးဆွဲပြီး တရားမရသေးဘူးလား ဗျ၊ ခင်ဗျားဘာလို့ မအိမ်သူကို ဒီလောက်မုန်းနေတာလဲ"

ဟုမေးမြန်းလိုက်၏။ ဦးရွှေကြိုင်က

"ဒီကောင်မက ငါ့သားကို ငါသဘောမတူဘဲ ယူပြီး အသေသတ်ခဲ့တာကွ၊ သူ့ကို ငါဘယ်တော့မှ မကျေဘူး"

ဟုပြောလေရာ နေဝင်းက

"ခင်ဗျားသားက ကိုယ့်ရင်သွေးကိုယ်ကိုယ် အသေ သတ်ဖို့ကြိုးစားတာ အပြစ်မဟုတ်ဘူးလား"

ဟုပြောလိုက်ရာ ဦးရွှေကြိုင်က ဒေါသတကြီး အော်ဟစ် လိုက်ပြီး

"ဟေ့..မင်းနားမလည်ပဲနဲ့ ငါ့သားကို အပြစ်မတင်နဲ့ကွ၊ ငါ့သားက ကျိန်စာဆိုးရဲ့ ဓားစာခံ ဖြစ်သွားတာ၊ ဒီနေရာရောက်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဘယ်သူမဆို သူ့လို အပြစ်မျိုးကျူးလွန်မှာပဲ"

ဟုပြောကာ အိမ်ကြီးထဲသို့ ကမူးရှူးထိုးဝင်ရောက်သွားလေ၏။

သန့်ရှင်းရေးအလုပ်သမား ဒေါ်ကြီးတင်သည် အိမ်သော့အပိုတစ်ချောင်းကို ဖွင့်ပြီး အိမ်ထဲသို့ ရောက်နှင့်နေလေ၏။

ဒေါ်ကြီးတင်က နေဝင်းကို စောင့်ကြိုပြီး စာတစ်စောင်ရောက်နေကြောင်း ပြောလေ၏။ နေဝင်းက စာကို ဖတ်ကြည့်လိုက်သောအခါ ထုတ်ဝေသူ ဦးသီလထံမှ ဖြစ်ပြီး စာဖတ်ပရိသတ်များ တောင်းဆိုနေချိန်၌ စာကို ကြိုးစားရေးသင့်ကြောင်း တိုက်တွန်းသော စာဖြစ်၏။

— မြနှင်းဆီစာပေ —

www.burmeseclassic.com

www.burmeseclassic.com



နေဝင်းက ဦးဒီလ၏စာကိုအမှိုက်ခြင်းထဲ ထည့်လိုက်ပြီး

"ကျူပ်ရင်ထဲက နာကျင်မှုတွေကို ဖြေရှင်းလို့ ရေမချင်း စာရေးလို့ ရမှာမဟုတ်ဘူး"

ဟုတီးတိုးရေရွတ်လိုက်၏။ ထိုအခိုက်မှာပင် ဒေါ်ကြီးတင် အနီးသို့ ရောက်လာပြီး

"ဆရာ..ရန်ကုန်ကို ဘယ်တော့ပြန်မှာလဲ"

ဟုမေးမြန်းလေရာ နေဝင်းက ခေါင်းခါယမ်းလိုက်၏။

ဒေါ်ကြီးတင်က သက်ပြင်းချပြီး

"ကိစ္စထွေထွေထူးထူး မရှိရင်လဲ ဆရာပြန်ရင် ပြန်လိုက်ပါလား"

ဟုတိုက်တွန်းလေရာ နေဝင်းက ဒေါ်ကြီးတင်ကို ငဲ့စောင်းကြည့်ပြီး

"ဘာဖြစ်လို့လဲ ဒေါ်ကြီးတင်"





ဟုမေးမြန်းလိုက်ရာ ဒေါ်ကြီးတင်က သက်ပြင်းချပြီး

"ဒီမြို့မှာ ကြောက်မက်ဖွယ် ကျိန်စာဆိုးကြီး တစ်ဖန်ပြန်စတော့မယ်လို့ ကျွန်မထင်တယ်"

ဟုဆိုလိုက်၏။

နေဝင်းကမျက်မှောင်ကြုတ်လိုက်ပြီး

"ဒီမြို့မှာ ကျိန်စာဆိုတဲ့စကားကို ကျူပ်ကြားတာ နှစ်ခါရှိပြီ၊ ဘာဖြစ်လို့ ကျိန်စာလို့ ပြောရတာလဲ"

ဟုမေးမြန်းလိုက်ရာဒေါ်ကြီးတင်က အဝေးဆီသို့ ငေးကြည့်ရင်း

"ကျိန်စာကို မြို့ပေါ်က လူတော်တော်များများ သိပါတယ်၊ ဒါပေမဲ့ မြို့ရဲ့အမည်းစက်ကို မပြောချင်ကြဘူး၊ လျှို့ဝှက်ထားချင်ကြတယ်"

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မနေဝင်းက စိတ်ဝင်စားဟန်ဖြင့်

"ကျိန်စာဆိုတာ ဘာလဲ ကျုပ်ကိုပြောပြပါ"

ဟုဆိုလိုက်ရာ ဒေါ်ကြီးတင်က နေဝင်း၏ မျက်နှာကို ကြည့်ပြီး

"ဆရာတို့လင်မယားရဲ့သဘောထားတွေတယ်၊ ဒီမေးခွန်းမျိုးကို မေလဲ မေးလေ့ရှိတယ်"

ဟုပြောလေ၏။

နေဝင်းသည် မေ့ကို သတိရပြီး ရင်ထဲတွင် ညှိုးနွမ်းသွားပြန်၏။ ဒေါ်ကြီးတင်က ဆက်ပြီး

"တကယ်တော့ကျိန်စာဟာ သိပ်ကြောက်ဖို့ကောင်းတယ်ဆိုပေမဲ့ ကျိန်စာဟာ ဒီမြို့က ယောက်ျားတွေအပေါ်ပဲ သက်ရောက်လေ့ရှိတယ်"

ဟုပြောလေ၏။





ထိုအခါ နေဝင်းက မျက်မှောင်ကြုတ်ပြီး

"ဒီမြို့က ယောက်ျားတွေက ကိုယ်ရင်သွေးတွေကို ပြန်သတ်လေ့ရှိတယ် ဆိုတဲ့အကြောင်းလား"

ဟုမေးမြန်းလိုက်ရာ ဒေါ်ကြီးတင်က ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ကိုယ့်ရင်သွေးဆိုတာထက် ကိုယ့်သမီးတွေလို့ ဆိုရင်ပိုမှန်မယ်"

ဟုပြောလေ၏။

နေဝင်းက သက်ပြင်းချပြီး

"ကျုပ်ကြားကာစက အံ့သြဖွယ် တိုက်ဆိုင်မှုတစ်ခုလို့ ထင်ခဲ့တယ်"

ဟုပြောလေရာ ဒေါ်ကြီးတင်က ခေါင်းခါယမ်းပြီး

"တိုက်ဆိုင်မှုမဟုတ်ဘူးဆရာ၊ ဒါတွေဟာ ကြောက်မက်ဖွယ် ကျိန်စာဆိုးကြီးပဲ၊ ၁၉၁၃ ခုနှစ်တုန်းက ဦးကြက်တော ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖခင်တစ်ယောက်က နေမကောင်းဖြစ်နေတဲ့ သမီးလေးကို အိပ်ယာထဲမှာ ရက်ရက်စက်စက် ခေါင်းအုံးနဲ့ ဖိသတ်ခဲ့တယ်၊ ဦးမာဒင် ဆိုတဲ့လူကလည်း ကိုယ့်သမီးအရင်းကို တောင်ပေါ်က တွန်းချပြီး သတ်ခဲ့တယ်၊ ၁၉၂၀ ရောက်တော့ ဦးထိန်ပင် ဆိုတဲ့လူကလဲ ကိုယ့်သမီးလေးကို မြို့ပြင်ရေကန်မှာ ရေနစ်ပြီး သတ်ခဲ့တယ်၊ ဦးထိန်ပင်ဆိုတာ လက်သမားဆရာကြီး ဦးမိုးရဲ့အဖေ ပေါ့"

ဟုဆိုလိုက်ရာ နေဝင်းက အံ့သြဟန်ဖြင့်

"ဟင်... ဦးမိုးရဲ့အဖေကလဲ ကိုယ့်သမီးကို ကိုယ်ပြန်သတ်ခဲ့တယ် ဟုတ်လား၊ ဦးမိုး ဒီအကြောင်းတွေကို တစ်ခါမှ မပြောဖူးဘူး"

ဟုပြောလေ၏။

ဒေါ်ကြီးတင်က သက်ပြင်းချပြီး

"ခါးသီးစရာအဖြစ်ဆိုးကြီးကို ဘယ်သူပြန်ပြောချင်ပါ့မလဲ





နောက် နှစ်ပေါင်းများစွာ ကြာတော့ မအိမ်သူ ယောကျ်ား မဲခေါင်က သူ့သမီးလေးကို အရှင်လတ်လတ် မြေကျင်းထဲ ဖို့ပြီး သတ်ဖို့ ကြိုးစားခဲ့ပြန်တယ်၊ မအိမ်သူက မဲခေါင်ကို ဓားပါက်ပြားနဲ့ ရိုက်ပြီး သမီးလေးရဲ့ အသက်ကို ကယ်လိုက်ရတယ်၊ ဒီဖြစ်မှုကြောင့်ဘဲ မအိမ်သူလဲ ထောင်ဒဏ်ကျခံခဲ့ရတယ်"

ဟုပြောလေရာ နေဝင်းသည် အံ့သြဖွယ်ရာ အဖြစ်ဆိုးကြီးကို မယုံနိုင်ဟန်ဖြင့် နားထောင်နေမိ၏။

ဒေါ်ကြီးတင်ကဆက်ပြီး

"ဒီမြို့မှာ ရာသီဥတု အုံ့ဆိုင်းညို့မှိုင်းနေတယ်... ကျိန်စာဆိုးကြီးက အသက်ပြန်ဝင်လာတော့မယ်လို့ ကျွန်မခံစားရတယ်"

ဟု တုန်လှုပ်ဟန်ဖြင့် ပြောဆိုလေ၏။

နေဝင်းက

"ကျိန်စာဆိုးကြီး တကယ်ရှိတယ် ဆိုရင်တောင် ကျုပ်နဲ့

www.burmeseclassic.com



ဘာဆိုင်လို့လဲ"

ဟုမေးမြန်းလေရာ ဒေါ်ကြီးတင်က

"ဆရာ့မိန်းမ မေလဲ ကျိန်စာဆိုးကြီး အကြောင်းကို စိတ်ဝင်စားလွန်းလို့ပါ"

ဟုပြောလေ၏။

နေဝင်းက သက်ပြင်းချပြီး

"မေ..မဟာမြိုင်ကိုလာတုန်းက ဘယ်ကိုအများဆုံးသွားလေ့ရှိသလဲ"

ဟုမေးမြန်းလေရာ ဒေါ်ကြီးတင်က

"မေ မဟာမြိုင်ကို ရောက်ရင် ပန်းချီကားတွေ ဆွဲရင်ဆွဲ မဆွဲရင် တောင်ပေါ်ဆုတောင်းပြည့်ဘုရားမှာပဲ အချိန်ကုန်လေ့ရှိတယ်"

ဟုပြောလေ၏။ နေဝင်းက မျက်မှောင်ကြုတ်ပြီး





"ဆုတောင်းပြည့်ဘုရားမှာ သူတစ်ယောက်တည်းလား"

ဟုမေးမြန်းလေရာ ဒေါ်ကြီးတင်က

"တစ်ယောက်တည်းပေါ့ ဆရာရယ်..မေ့မှာ အဖော်အပေါင်းမရှိဘူး။သူဟာ မဟာမြိုင် ရောက်ရင် သိပ်အထီးကျန်ပါတယ်"

ဟုပြောလေ၏။ နေဝင်းက သက်ပြင်းချပြီး

"မေသိပ်အထီးကျန်တယ်တဲ့လား..ဒါဆိုရင် သူစိမ်းယောကျ်ားတစ်ယောက်ကို ရေးတဲ့ လျှို့ဝှက်စာဟာ ဘာလဲ မေ..ကိုယ်ဘယ်လိုနားလည်ရမှာလဲ.."

ဟုစိတ်ထဲကရေရွတ်လိုက်လေ၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညသို့ရောက်သောအခါ နေဝင်းသည် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ပြန်၏။

ထိုအိပ်မက်နှင့် ဆင်တူသောအိပ်မက်တစ်ခုကိုတစ်ခါက နေဝင်း မြင်မက်ခဲ့ဖူး၏။ ယခု အိပ်မက်ထဲတွင် နေဝင်းသည် နှစ်ပေါင်း ၅၀ ခေတ်နောက်ကျသော အချိန်ကာလသို့ပြန်လည်ရောက်ရှိသွားပြီး ဆယ့်နှစ်ပွဲစျေးသည်များ ပွဲသွား ပွဲလာ ပရိသတ်များဖြင့် စည်ကားနေသော ပွဲစျေးတန်း တစ်ခုထဲသို့ရောက်





ရှိသွားလေ၏။

နေဝင်းသည် ပွဲစျေးတန်း မုခ်ဦးတွင် ရေးထိုးထားသော ခုနှစ်သက္ကရာဇ်ကို ဖတ်ရှုပြီး လွန်ခဲ့သောအနှစ် ၅၀ ဆယ်ကာလသို့ ပြန်လည်ရောက်ရှိသွားကြောင်း သိရ၏။

ထိုအခိုက်မှာပင် ပွဲစျေးတန်းထဲမှ အမောတကော ပြေးထွက်လာသော အငြိမ့်မင်းသမီးမြနှင်းဆီနှင့် အနောက်မှ လိုက်လာသော ကာလသားများကို တွေ့ရ၏။

မြနှင်းဆီသည် နေဝင်းကိုမြင်သောအခါ အားကိုးတကြီး ဖက်တွယ်ပြီး

"ကျွန်မကိုကယ်ပါ...ကယ်ပါ"

ဟုဆိုကာ ပရိသတ်ကြားမှ ထွက်ပြေးလေ၏။

နေဝင်းသည် ဘုမသိဘမသိဖြင့် မြနှင်းဆီ အနောက်သို့ လိုက်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ပြေးတာလဲ"

ဟုအော်ဟစ်မေးမြန်းလေ၏။

ထိုအခါ မြနှင်းဆီက အထိတ်တလန့် ပြေးလွှားရင်း

"သူတို့ကျွန်မကိုလိုက်သတ်နေကြတယ်"

ဟုပြောဆိုလေ၏။ နေဝင်းက အနောက်မှ ပြေးလိုက်ရင်း

"ဘာလို့သတ်တာလဲ"

ဟုမေးမြန်းပြန်၏။

မြနှင်းဆီက

"တကျာရှူးတွေ ကျွန်မကို အဓမ္မကျင့်ပြီး သတ်ပစ်ကြမှာ"

ဟုဖြေလေ၏။

နေဝင်းသည် မြနှင်းဆီနှင့်အတူ ပြေးလွှားရင်း ချုံကြီးတစ်ခုအနောက်တွင် ဝင်ရောက်ပုန်းအောင်းကြလေ၏။

ထိုသို့ ပုန်းခိုနေစဉ်မှာပင် တုတ်ဓား လက်နက်များ ကိုင်





ဆောင်ထားသော ကာလသားများသည် ချုံကြီးအနီးမှဖြတ်သွားကြ၏။

မြနှင်းဆီသည် နေဝင်း၏ ရင်ခွင်ထဲသို့ တိုးဝင်ပုန်းအောင်းရင်း ထိတ်လန့် တုန်လှုပ်နေရှာ၏။

နေဝင်းနှင့် မြနှင်းဆီသည် အတန်ကြာအောင် ပုန်းခိုပြီးနောက် ကာလသားများ မရှိတော့သဖြင့် ချုံကြီးထဲမှ ထွက်ရန်ပြင်လိုက်စဉ် သူတို့အနောက်မှ ကာလသားများ ပေါ်လာပြီး

"ဒီကောင်မကို အသေသတ်ဟေ့..ယောက်ျားမတွေကို မြူဆွယ်နေတဲ့ကောင်မကိုအသေသတ်ဟေ့"

ဟုဆိုကာ မြနှင်းဆီကို နေဝင်းလက်မှ လုယူရန် ကြိုးစားကြ၏။ နေဝင်းသည် မြနှင်းဆီကို လူဆိုးများလက်မှ ကာကွယ်ရင်း တစ်ယုံတစ်ဦး၏ ရိုက်နှက်မှုကြောင့် ခေါင်းထဲတွင် မိုက်ခနဲဖြစ်ပြီး လဲကျသွားကာ



www.burmeseclassic.com

www.burmeseclassic.com



"မြနှင်းဆီ မြနှင်းဆီ"

ဟုအော်ဟစ်ခေါ်ပြီး အိပ်ယာက လန့်နိုးလာလေ၏။

နေဝင်းသည် ထိုအခါမှပင် မိမိ အိပ်ပက်မြင်မက်ကြောင်း သိပ်စားမိသွားလေ၏။ နေဝင်း၏ အိပ်မက်သည် ပီပြင်ထင်ရှား လွန်းသဖြင့် အပြင်ဘဝတွင် လက်တွေ့ဖြစ်နေသယောင် ထင်မြင်ရလေ၏။

အငြိမ့်မင်းသမီး မြနှင်းဆီနှင့် ပတ်သက်သော အိပ်မက်ကို မိမိ အဘယ်ကြောင့် အကြိမ်ကြိမ်မြင်မက်နေသည် မသိချေ။

နေဝင်းသည် ထိုပုစ္ဆာများ၏ အဖြေကို ဖြေနိုင်မည့်သူမှာ ဇနီးသည် မေတစ်ယောက်တည်း ရှိမည်ဟု ထင်မြင်မိလေ၏။

နေဝင်းသည် အိပ်မပျော်နိုင်တော့သဖြင့် ခုတင်ပေါ်မှ ဆင်းကာ စာရေးစားပွဲတွင် ထိုင်ပြီး စာရေးရန် ကြိုးစားနေမိ၏။

သို့သော် စာရွက်များတစ်ရွက်ပြီး တစ်ရွက် ကုန်ဆုံးသွား





သော်လည်း စိတ်တိုင်းကျ ဖြစ်မလာသဖြင့် စာရေးခြင်းကို ရပ်တန့်လိုက်၏။

ထိုအခိုက်မှာပင် နေဝင်း၏ နာဝသို့ မိမိအလွန် ရင်းနှီးသောရနံ့တစ်ခုဝင်ရောက်လာသဖြင့်အနောက်သို့လှည့်ကြည့်လိုက်ရာ မေ့ကို တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ

"မေ"

ဟုနှုတ်ဆက်လိုက်ပြီး

"မေ..ကိုယ့်အနားမှာ ရှိနေသလား..ဟ်ဆိုရင် ကိုယ့်ပြဿနာကို မေကူညီဖြေရှင်းပေးမှရတော့မယ်၊ ကိုယ့်ခေါင်း တွေမူလှုပြီး ကယ်ပါဦးမေရယ်"

ဟုဆိုလိုက်ရာ မေက ကရုဏာသက်ဟန်ဖြင့်ကြည့်ကာ

"ကိုယ့်ကို ချစ်လွန်းလို့ ဘဝခြားသွားတာတောင် မေနဲ့ လိုက်ခဲ့ဖို့ ခေါ်ခဲ့တာပါ..ဒါပေမဲ့ မေကိုယ်တိုင် ဒီပုစ္ဆာကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com






အဆုံးသတ်ရမလဲမသိတော့ဘူး…တောင်ပေါ်ကျောင်းကကပ္ပိယကြီးကိုအကူအညီတောင်းကြည့်ပါ"

ဟုဆိုကာ နေဝင်း၏ ရင်ခွင်ထဲမှ ရုန်းထွက်သွားလေ၏။

နေဝင်းက သူမကို လွတ်မထွက်သွားအောင် တင်းတင်းပွေ့ဖက်ပြီး

"ကိုယ်လဲ မေ့နောက်ကို လိုက်လာချင်တယ်"

ဟုဆိုလိုက်ရာ မေက အထိတ်တလန့် လက်ကာပြီး

"အို…လိုက်လို့မရဘူး"

ဟုဆိုကာ အနောက်သို့ ဆုတ်ခွာပြီး ပျောက်ကွယ်သွားလေ၏။ နေဝင်းက

"မေ ကိုယ့်ကိုတစ်ယောက်တည်း မထားရစ်ပါနဲ့… ကိုယ်လဲလိုက်မယ်…လိုက်မယ်"

ဟုအော်ဟစ်ခေါ်ဝေါ် ရင်း အိပ်ယာမှ လန့်နိုးလာပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် စာရေးစားပွဲပေါ်တွင် မှောက်လျက် အိပ်ပျော်နေခြောင်း သတိပြုမိ၏။

အိပ်မက်ထဲတွင် မေနှင့်တွေ့ဆုံခိုက် မေက ပြဿနာများ၏ အဖြေအတွက် တောင်ပေါ်ကျောင်းမှ ကပ္ပိယကြီးကို အကူ အညီတောင်းရန် လမ်းညွှန်လိုက်၏။

တောင်ပေါ်ကျောင်းမှ ကပ္ပိယကြီး ဆိုသည်မှာ မေ၏ လမ်းညွှန်မှုအစစ်အမှန်ပေလော..မိမိ စိတ်စွဲလန်းပြီး အိပ်မက် မြင်မက် ခြင်းပေလောမကွဲပြားလှချေ..သေချာအောင် တောင် ပေါ်ကျောင်းသို့ သွားကြည့်ရပေဦးမည်...။

ဘုရားဒါယိကာကြီးဦးစိန်ကြောင်သည် တစ်ဖက်မြို့ရှိ ဘုရားထီးတော်တင်ပွဲ ကျင်းပရာ မမ္ဘာရုံသို့ သွားရောက်ပြီး ဘုရားခေါ္ဝးနွေးခြင်းကို အကြောင်းပြကာဘုရားလှူကြီး အချင်း ချင်း စိတ်အားတက်ကြွစွာ ငြင်းခုံလေ၏။

ဦးစိန်ကြောင်သည် အတန်ကြာအောင် ငြင်းခုန်ပြီး နောက် အော်စလိကားကြီးကိုစီးပြီး မိမိမြို့သို့ပြန်ခဲ့လေ၏။





www.burmeseclassic.com

www.burmeseclassic.com



အော်စလိကားကြီးကို မောင်းနှင်သူမှာ ဒရိုင်ဘာ အောင်ကြီး ဖြစ်ပြီး ဦးစိန်ကြောင်က မိုက်ဆာနေသဖြင့် ကား၏ အမြန်မမောင်းနိုင်းလေ၏။

ထိုအခါ ဒရိုင်ဘာ အောင်ကြီးသည် ကားကို အရှိန်မြင့် မောင်းနှင်လေ၏။ ထိုသို့မောင်းနှင်ရင်း နန်းတွင်းအဝတ်အစား ဝတ် မိန်းမတစ်ဦးကိုမြို့များကြားတွင်ရုတ်တရက်မြင်လိုက်ရ အထိတ်တလန့် ဖအော်ဟာစ်ကာ ကားကို လမ်းနံဘေးသို့ ဆွဲ လိုက်လေ၏။

ထိုအခါ အရှိန်ပြင်းစွာ မောင်းနှင်လာသော အော်စ ကားကြီးသည် သစ်ပင်ကြီး တစ်ပင်ဆီသို့ဦးတည်သွားလေ၏

ထိုယာဉ်တိုက်မှုကြောင့် ဘုရားလူကြီးဦးစိန်ကြောင် ပွဲချင်းပြီးသေဆုံးသွားလေ၏၊ ထိုအချိန်ကစပြီး ဒရိုင်ဘာ အောင်ကြီးသည်မြို့များကြားတွင် ရုတ်တရက် ပေါ်လာသော





နန်းတွင်းအဝတ်အစားဝတ် မိန်းမတစ်ယောက် အကြောင်းကို သာ အရူးတစ်ယောက်ကဲ့သို့ တွင်တွင်ပြောဆိုနေသဖြင့် အချို့ က အောင်ကြီးရူးသွားပြီဟု မှတ်ချက်ချလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးစိန်ကြောင် သေဆုံးသော သတင်းသည် နေ့ပိုင်းအတွင်း မြို့အနှံ့ ပြန့်နှံ့သွားလေ၏။ ကားလမ်းပေါ်တွင် ရုတ်တရက် ပေါ်လာသော နန်းတွင်းအဝတ်အစားဝတ် မိန်းမအကြောင်းကိုလည်း တစ်မြို့လုံး ကောလဟာလနယ် ပြောဆိုနေကြလေ၏။

မအိမ်သူသည် ဦးစိန်ကြောင် သေဆုံးသော သတင်းကို





ကြားသဖြင့် အုပ်ထိန်းခွင့်အမှုပြီးဆုံးသွားပြီဖြစ်ကြောင်း ရိပ်စားမိသွားပြီး ရင်ထဲတွင် ပေါ့ပါးသွားလေ၏။

ထို့ကြောင့် ဦးစိန်ကြောင်၏ နာရေးသတင်းကို နေဝင်းအား ဖုန်းဆက်ပြီး ပြောလိုက်၏။ နေဝင်းက သက်ပြင်းချလိုက်ပြီး

" နေဂုက်အားကိုးနဲ့ အရာရာ အနိုင်ယူချင်တဲ့သူကြီး သေမင်းနဲ့ တွေ့တော့လဲ သူပိုင်ဆိုင်တဲ့ နေငွေတွေက သူ့ကို ကယ်နိုင်တော့ဘူး"

ဟုပြောလေ၏။

မအိမ်သူက ခေါင်းညိတ်ပြီး

"ဒီလူကြီး သေဆုံးရတာတော့ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ အိမ်သူ သမီးလေးနဲ့ မခွဲရတော့ဘူး ဆိုပြီး ရင်ထဲမှာ လွတ်လပ်ပေါ့ပါးသွားတာပဲ"

ဟုဆိုလိုက်ရာ နေဝင်းသည် မအိမ်သူကို ကရုဏာသက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး

"မအိမ်သူတို့ သားအမိ ဒီအရှိန်ကစပြီး အေးအေးချမ်း ချမ်း နေနိုင်ပြီပေါ့"

ဟုဆိုလိုက်၏။ မအိမ်သူက

"ဆရာ့ကို အကူအညီတစ်ခုလောက် တောင်းချင်တယ် ဦးစိန်ကြောင်ဟာ ကျွန်မရဲ့ယောက္ခမ တော်ခဲ့ဖူးတယ်၊ သူ့ နာရေးကိစ္စကို ကျွန်မ မသွားလို့ မကောင်းဘူး၊ ဒါပေမဲ့ သူ့ ဝ ဝန်းကျင် အသိုင်းအဝိုင်းက ဝေဖန်ကဲ့ရဲ့ကြမှာကိုလဲ ကြောက် တယ်၊ ဆရာ ကျွန်မကို အဖော်လုပ်ပေးပါလား"

ဟုဆိုလိုက်ရာ နေဝင်းက သက်ပြင်းချပြီး

"မအိမ်သူအတွက်အခက်တွေ့နေရင်လဲ ကျုပ်လိုက်ခဲ့ ပါ့မယ်"

ဟုဆိုလိုက်ရာ မအိမ်သူက နေဝင်းမျက်နှာကို ရွှန်းရွှန်း





စားစားကြည့်ပြီး

"ဆရာ့ ကျေးဇူးတွေက အိမ်သူ့အပေါ်ကြီးသထက်ကြီး လာပြီ"

ဟုပြောလိုက်လေရာ နေဝင်းက မကြားဟန်ဖြင့် အဝေး သို့ ငေးကြည့်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးစိန်ကြောင် အလောင်းမြေချမည့်နေ့တွင် နေဝင်းသည် မအိမ်သူကို ကားဖြင့် သွားရောက်ခေါ်လေရာ သူမသည် အနက်ရောင်ထက်အောက် ဆင်တူဝတ်ဆင်ပြီး လိုက်ပါလာ၏။

မြို့ပြင် သချိုင်း၌ ဦးစိန်ကြောင်၏ အုတ်ဂူကို ကြိုတင်ပြင်ဆင်ထားလေ၏။ နေဝင်းတို့ စုံတွဲ သချိုင်းသို့ ရောက်သောအခါ လူအများ၏ အထူးအာရုံစိုက်ခြင်းကို ခံရလေ၏။





ထိုသို့ အာရုံစိုက်သူများကြားမှ

"မအိမ်သူကတော့ မြို့ကလာတဲ့ သူဌေးသားကို အမိဖမ်းလိုက်ပြန်ပြီဟော့..." ဟုတစ်မျိုး၊ "ကြောင်ခံတွင်းပျက်နဲ့ ဖရက်တောင်ပံကျိုးတွေ့ပြီဟော့.." ဟုတစ်သွယ် မကြားတကြား ပြောဆိုသံများကို ကြားရလေ၏။

ထိုအသံများကြောင့် နေဝင်းနှင့် မအိမ်သူသည် တစ်ယောက် မျက်နှာ တစ်ယောက် မကြည့်ဝံ့ဘဲ ဖြစ်ရလေ၏။

ဦးစိန်ကြောင်၏ အသုဘတွင် နေဝင်း အထူးစိတ်ဝင်စားသော လူတစ်ဦး ရှိလေ၏။ ထိုလူကြီးသည် အသက် (၇၀) နှံ့ကျော် ရှိပြီး ဦးစိန်ကြောင်၏ အလောင်းကို စူးစိုက်ကြည့်ကာ

"သွားပေဦးတော့ သူငယ်ချင်း...ငါတို့လဲ အလှည့်ရောက်ရင် လိုက်ရမှာပါ"

ဟုပြောပြီး တုတ်ကောက်ကို တဒေါက်ဒေါက် ထောက်



www.burmeseclassic.com

ကာ အဝေးသို့ပြန်လည်ထွက်ခွာသွားလေ၏။

မအိမ်သူက အသိုးကြီးကိုကြည့်ပြီး

"တောင်ပေါ်ကျောင်းက ကပ္ပိယကြီးလေ"

ဟုပြောလေရာ နေဝင်းသည် မိမိ၏အိပ်မက်ထဲတွင်ဖနီး ဖြစ်သူအကူအညီယူနိုင်းသော တောင်ပေါ်ကျောင်းက ကပ္ပိယကြီးဟု တွေးမိပြီး စိတ်လှုပ်ရှားသွားလေ၏။ ကပ္ပိယကြီးသည် နေဝင်းမျက်စိရှေ့က ပျောက်သွားလေ၏။



နေဝင်း အိမ်ပြန်ရောက်သောအခါ ဦးစိန်ကြောင်၏ မွေ့ဒါန ပြုလုပ်သော မေတ္တာကို အမျှဝေနည်း စာအုပ်လေးကို မမျှော်လင့်ဘဲကြည့်လိုက်မိ၏။

ထိုအခါမွေ့ဒါနစာအုပ်လေးထဲတွင်ဦးစိန်ကြောင်၏ဘဝ ဖြစ်စဉ်ကို ရေးသားထားပြီး ဦးစိန်ကြောင်၏ ဓါတ်ပုံအမျိုးမျိုးကို စာအုပ်ထဲတွင် ဖော်ပြထားလေ၏။ ထိုဓါတ်ပုံများထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်ကြောင်း၏ ငယ်ဘဝ ဓါတ်ပုံတစ်ပုံလည်း ပါဝင်၏။ နေဝင်းသည် ထိုဓါတ်ပုံကို ကြည့်ပြီး မြင်ဖူးသလို ရှိသဖြင့် သေချာစွာ ကြည့်လိုက်ရာ မျက်လုံးထဲတွင် ပြာဝေသွားပြီး

"လူယုတ်မာကြီး"

ဟုရေရွတ်လိုက်မိ၏။

လွန်ခဲ့သော ရက်က နေဝင်းအိပ်မက်ထဲတွင် အငြိမ့်မင်းသမီး မြနှင်းဆီကို ရက်ရက်စက်စက် လိုက်လံ သတ်ဖြတ်သော လူတစ်ဦး၏ မျက်နှာမှာ ဦးစိန်ကြောင်း၏ မျက်နှာပင်ဖြစ်၏။

နေဝင်းသည် သူ၏ အိပ်မက်များသည် ပရမ်းပတာ မြင်မက်သော အိပ်မက်များ မဟုတ်ဘဲ အစီအစဉ်တကျ မြင်မက်သော အိပ်မက်များ ဖြစ်ကြောင်းရိပ်စားမိသွားလေ၏။

ထိုအခါ ဒရိုင်ဘာအောင်ကြီး တတွတ်တွတ် ပြောဆိုနေသော နန်းတွင်းအဝတ်အစားဝတ် မိန်းမသည် အငြိမ့်မင်းသမီး





မြနှင်းဆီပေလောဟု ထင်မြင်မိလေ၏။

ဦးစိန်ကြောင်းနှင့် မိမိ အိပ်မက်ထဲရှိ အငြိမ့်မင်းသမီး မြနှင်းဆီသည် တစ်စုံတစ်ရာသော ဆက်စပ်မှုရှိမည့်ထင်၏။

ဦးစိန်ကြောင်း၏ ဗျာပန္န တောင်ပေါ်ကျောင်းမှ ကပ္ပိယကြီး ပြောစကားအရ ၄င်းတို့သည်သူငယ်ချင်းများ ဖြစ်သည်ဆို၏၊ ထို့ကြောင့် ဦးစိန်ကြောင်း၏ ဘဝနောက်ကြောင်းကို ကပ္ပိယကြီးပြောပြ နိုင်မည် ထင်၏။

မိမိ၏ ဇနီးမေကလည်း တောင်ပေါ်ကျောင်းမှ ကပ္ပိယကြီးထံ သွားပြီး အကူအညီတောင်းရန် စေခိုင်းလိုက်၏။

နောက်ဆုံးတွင် နေဝင်းသည် မိမိ ရင်ဆိုင်နေသော အဖြေမှ ပုစ္ဆာများအတွက်တောင်ပေါ်ကျောင်း၌သာ အဖြေရှိကြောင်း ရိပ်စားမိသွားလေ၏။





www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်ကျောင်း ပေါ်တွင် ဆရာတော်တစ်ပါးနှင့် ဘုန်းကြီးအရိုးသီတင်းသုံးကြ၏။

နေဝင်းသည် ကျောင်း အနောက်ရှိ ညောင်ပင်ကြီး အောက်တွင် ရေနွေးကြမ်းတစ်အိုးနှင့် အေးဆေးလူလူ ထိုင်နေသော ကပ္ပိယကြီးကို သွားတွေ့လေ၏။

ကပ္ပိယကြီးသည် မျက်လုံးများ မှေးစင်း နေရာမှ လူသံကြားရသဖြင့် မျက်လုံးဖွင့် ကြည့်ပြီး





"ဟင်…ရွှေကြိုင် မင်းဟာ ငါ့သူငယ်ချင်း ရွှေကြိုင်နဲ့ တူလှချည်လား။ မင်းကို မြင်ရတာ ရွှေကြိုင် အသက်ပြန် ရှင်လာသလားလို့တောင် ထင်ရတယ်ကွာ"

ဟုဆိုလိုက်ရာ နေဝင်းသည် အဘိုးဖြစ်သူနှင့် ရုပ်ချင်းဆင်တူသည်ဟု ပြောဆိုကြောင်း ရိပ်စားမိသွားပြီး

"ဦးရွှေကြိုင်က ကျုပ်အဘိုးပါ။ ကျုပ်က ဦးရွှေကြိုင်ရဲ့မြေး"

ဟုဆိုလိုက်၏။ ထိုအခါကပ္ပိယကြီးသည် နေဝင်းကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး

"ဟင်…ဒါဆိုရင် မောင်ရင်က စာရေးဆရာပေါ့၊ မောင်ရင်ဇနီးမေက သိပ်သဘောကောင်းရှာတယ်၊ သူ့အကြောင်း ကြားရတာ ကျုပ်စိတ်မကောင်းပါဘူး"

ဟုပြောလေရာ နေဝင်းက ကပ္ပိယကြီးကို အံ့သြဟန်ဖြင့် ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ကပ္ပိယကြီးက ကျုပ်ဇနီးမေကို သိတယ်ပေါ့"

ဟုမေးမြန်းလေရာ ကပ္ပိယကြီးက

"သိတာပေါ့ မောင်ရင်ရယ်…မောင်ရင် ဇနီးမေဟာ မဟာမြိုင်ကို ရောက်တိုင်း တောင်ပေါ်ကျောင်းကို လာပြီး ကျုပ်နဲ့ တွေ့လေ့ရှိတယ်"

ဟုပြောလေ၏၊ နေဝင်းသည် ကပ္ပိယကြီး၏ စကားကြောင့် အလွန်အံ့ဩသွားပြီး

"ဟင်…ဒေမက ကပ္ပိယကြီးနဲ့ လာတွေ့လေ့ရှိတယ် ဟုတ်လား"

ဟုပြောလေ၏၊ ကပ္ပိယကြီးက သက်ပြင်းချလိုက်ပြီး

"ဟုတ်တယ်… မေက မောင်ရင်ကို အသိမပေးချင်ဘူး ဒါပေမဲ့ ဒီနေ့ မေလဲ မရှိတော့ဘူး ဆိုတော့ ကျုပ်က လျှို့ဝှက် မထားချင်တော့ဘူး"





ဟုပြောလေ၏၊

နေဝင်းက စိတ်လှုပ်ရှားဟန်ဖြင့်

"ဘာအကြောင်းတွေ လျှို့ဝှက်ထားတာလဲ ကပ္ပိယကြီး ပြောပါဦး"

ဟုဆိုလိုက်ရာ ကပ္ပိယကြီးက သက်ပြင်းချပြီး

"ကျုပ်တို့ရဲ့ လူမဆန်စွာ မိုက်ရိုင်းခဲ့တဲ့ ပြစ်မှုတွေ အကြောင်းပေါ့ကွာ…ဒီအကြောင်းတွေပြန်တွေးရင် ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ဘူး၊ နောင်တရလို့လဲ မဆုံးဘူး၊ တကယ်တော့ လူဟာ တိရစ္ဆာန်ထက်မိုက်တယ် ဆိုတဲ့စကားပြောရမလို ဖြစ်နေပြီ"

ဟုပြောလေ၏၊

နေဝင်းသည် အငြိမ်မင်းသမီး မြနှင်းဆီနှင့် ပတ်သက်ပြီး မြင်မက်ခဲ့သော အိပ်မက်ဆိုးကို ပြန်လည်သတိရကာ



www.burmeseclassic.com

www.burmeseclassic.com



"ကပ္ပိယကြီးတို့ လူမဆန်စွာ မိုက်ရိုင်းခဲ့တယ် ဆိုတာ မြနှင်းဆီနဲ့များ ပတ်သက်နေမလား"

ဟုဒေသွးတိုးစမ်းဟန်ဖြင့် မေးမြန်းလိုက်ရာ ကပ္ပိယကြီး၏ မျက်နှာပျက်သွားပြီး

"သိပ်ဟုတ်တာပေါ့ကွာ...ကျုပ်တို့ အငြိမ့်မင်းသမီးတစ်ယောက်ကို နိုင့်ထက်စီးနင်း ပြုလုပ်ခဲ့တယ်၊ နမချင်းမစာနာဘဲ လူမဆန်စွာ ရက်စက်ခဲ့ကြတယ်၊ကျုပ်တို့ သိပ်မိုက်ရိုင်းခဲ့တယ် သိပ်ယုတ်မာခဲ့တယ်၊ ကျုပ်တို့အပြစ်တွေကို ဘယ်လိုဆေးဆေး သန့်စင် သွားမှာမဟုတ်ဘူး"

ဟုပြောလေ၏၊

ထိုအခါ နေဝင်းက စိတ်ဝင်စားဟန်ဖြင့်

"ကပ္ပိယကြီးတို့ အကြောင်းကို ပြောပြပါဦး"

ဟုမေးမြန်းလိုက်ရာ ကပ္ပိယကြီးက သက်ပြင်းချပြီး





"ပြန်မပြောချင်ပေမဲ့ အမေးရှိတော့လဲ အဖြေရှိရတာပေါ့ကွာ၊ ကြာတော့ ကြာခဲ့ပါပြီ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်လောက်ကပေါ့၊ ငါရယ်...ဦးစိန်ကြောင်ရယ်၊ မင်းအဘိုးရွှေကျိုင်ရယ်၊ ကြက်တောရယ်၊ ထိန်ပင်ရယ် ဆိုတာ သူငယ်ချင်းတွေပေါ့ကွာ၊သူတို့ အားလုံးထဲမှာ ငါက အငယ်ဆုံးကွ၊ အဲဒီတုန်းက ငါ့အသက် ၁၆ နှစ်လောက်ပဲ ရှိသေးတယ်၊ အကြီးဆုံးက စိန်ကြောင်ပေါ့ကွာ၊ စိန်ကြောင်ဟာ ငါတို့အုပ်စုမှာ ဆရာကြီးပါပဲ...အရာရာ သူက ဦးဆောင်ပြီး လုပ်လေ့ရှိတယ်၊ တစ်နေ့တော့ ငါတို့မြို့မှာ ဇာတ်သေးဇာတ်မာန် တက်ကြွစေချင်တဲ့ အထိမ်းအမှတ်နဲ့ ပါတော်မူ ၁၅ နှစ်ပြည့်ပွဲတစ်ပွဲကျင်းပတယ်၊ ဒီပွဲမှာ နံမည်ကျော်အငြိမ့်မင်းသမီးမြနှင်းဆီရဲ့အငြိမ့်လဲပါတယ်၊ မြနှင်းဆီဟာ ရုပ်ရည်ရူပကာ ချောမောလှပတဲ့ အပြင် ကာလသားတွေ အကြိုက် အညှုအခရာ မျိုးစုံတတ်တယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဆီရဲ့ အငြိမ့်စင်ရှေ့မှာ ကာလသားတွေ ဝိုင်းနေတာပဲ၊ ဒီကာလသားတွေထဲမှာ ငါတို့ အုပ်စုလဲပါတယ်၊ စိန်ကြောင်က တော့ အဆိုးဆုံးပေါ့ကွာ၊ သူဟာ မြနှင်းဆီကို စွဲပြီး တစ်ညလုံး အိပ်လို့ မပျော်ဘူး၊သူက ငါတို့ အုပ်စုမှာ ချမ်းသာကြွယ်ဝဆုံး ဆိုတော့ မြနှင်းဆီကို လက်ဆောင်ဖပေးပြီး မိတ်ဖွဲ့ဖို့ အစီအစဉ် ရှိတယ်၊ ဒီအချိန်မှာပဲ မြနှင်းဆီ မြို့ပြင်ရေကန်ကြီးမှာ ရောက်နေ တယ်ဆိုတဲ့ သတင်းကို ရတော့ ငါတို့ တစ်အုပ်စုလုံး လိုက်သွား ကြတယ်..မြနှင်းဆီဟာ ဆုတောင်းပြည့်ဘုရားမှာ ပန်း၊ရေချမ်း ဆီမီး ဆက်ကပ်ပြီး ရေကန်ကြီးဘက် လျှောက်လာတယ်၊အဲဒီမှာ ငါတို့ အုပ်စုနဲ့ တွေ့တာပဲ၊ တကယ်တော့ ဒီဖြစ်ရပ်တွေကို စိန် ကြောင်က ခေါင်းဆောင်ပြီး လုပ်ခဲ့တာကွ၊ မြနှင်းဆီဟာ ပထမ တော့ မြို့ခံကာလသားတွေ ဆိုပြီး ကောင်းကောင်းမွန်မွန် ဆက် ဆံခဲ့တယ်၊ ဒါပေမဲ့ စိန်ကြောင်က ရိုင်းပြလာတဲ့ အတွက် လေသံ





မာမာနဲ့ တုံ့ပြန်ပြီး လမ်းဖယ်ပေးဖို့ ပြောတယ်၊ စိန်ကြောင်က မြနှင်းဆီကိုအတင်းဆွဲခေါ်ပြီး

"ကျုပ်တို့နဲ့ တောစပ်လိုက် ခဲ့ရမယ်"

လို့ပြောတယ်၊ မြနှင်းဆီက ရုန်းကန်တော့ တောစပ်ကို အတင်းဆွဲခေါ်တယ်၊ငါတို့လဲ စိန်ကြောင် နောက်လိုက်တွေ ပီပီ သူလုပ်သမျှ လိုက်လုပ်ကြတယ်၊ တောစပ်ကို ရောက်တော့ မြနှင်းဆီက စိန်ကြောင်ပါးကိုရိုက်ပြီး ထွက်ပြေးတယ်၊ စိန်ကြောင် ဟာ မြနှင်းဆီ အနောက်ကို ပြေးလိုက်ပြီး မြေပေါ်ကို လှဲချတယ်၊ မြနှင်းဆီက အော်ဟစ်ပြီး ရုန်းကန်တော့ ငါတို့ကို ဝိုင်းချုပ်ပေးဖို့ ပြောတယ်၊ ငါတို့ မိုက်မဲတာ ကမ်းကုန်သွားတယ်၊ မင်းအဘိုး အပါအဝင် ငါတို့အားလုံး မြနှင်းဆီကို ကျူးလွန်ခဲ့ကြတယ်၊ အကုန်လုံး လွန်ကုန်တော့မှ ဒီအကြောင်းတွေ ပေါက်ကြားသွား ရင် ထောင်နန်းစံရတော့မယ်ဆိုပြီး တုန်လှုပ်ချောက်ချားသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နောက်ဆုံးတော့ စိန်ကြောင်က မြနှင်းဆီကို အပြတ်ရှင်းပစ်ဖို့ ဆုံးဖြတ်လိုက်တယ်၊ မြနှင်းဆီက အသက်ကို ချမ်းသာပေးဖို့ မတောင်းဆိုပဲ သေအံ့မူမူးအချိန်မှာ သူ့အပေါ် ယုတ်မာရိုင်းပြတဲ့ လူတွေအားလုံး မျိုးရိုးစဉ်ဆက် ကိုယ်မွေးတဲ့ သမီးတွေကိုယ်ပြန်သတ်ရပါစေလို့ မုန်းတီးနာကြည်းစွာနဲ့ ကျိန်စာ တိုက်ခဲ့တယ်..၊ အဲဒီတုန်းက သူကျိန်စာတိုက်နေတာ ကြောက်စရာကောင်းလွန်းလို့ ငါတို့ အားလုံး ကြက်သီးတဖြန်းဖြန်းထပြီးတုန်လှုပ်ချောက်ချားခဲ့တယ်၊ နောက်တော့ မြနှင်းဆီအလောင်းကို ရွှေမျက်နှာ နတ်ကွန်းတောစပ်မှာ လှိုဏ်ဂူတူးပြီး မြှုပ်နှံခဲ့ တယ်၊ ရွှေမျက်နှာနတ်ကွန်းက အရင်ကမရှိသေးဘူး၊ မြနှင်းဆီအလောင်းမြှုပ်ပြီးတော့မှ အရှုးမတစ်ယောက်ရဲ့ အိပ်မက်အရ ရွှေမျက်နှာနတ်ကွန်းပေါ် ပေါက်လာတယ်၊ စိန်ကြောင်က ဒီအကြောင်းတွေ မပေါက်ကြားဖို့ ငါတို့အားလုံးကို ကတိသစ္စာ





ဆိုခိုင်းတယ်၊ ပေါက်ကြားခဲ့ရင် သူကိုယ်တိုင်သတ်မယ်လို့လဲ ခြိမ်းခြောက် ခဲ့တယ်၊ တစ်မြို့လုံးက လူတွေကတော့ မြနှင်းဆီ ထူးဆန်းစွာ ပျောက်ဆုံးသွားတယ် လို့ယူဆကြတယ်၊ ငါတို့လူစုရဲ့ယုတ်မာမှုကို မသိကြဘူး၊ ဒီအချိန်ကစပြီး ငါတို့လူစုဟာ မျိုးရိုးစဉ် ဆက်ကျိန်စာ သင့်ခဲ့ရတယ်၊ ပထမဆုံး ကျိန်စာသင့်တာ ကြက်တောပဲ၊ ကြက်တောဟာ နေမကောင်းဖြစ်နေတဲ့ သမီးလေးကို အိပ်ယာထဲမှာ ရက်ရက် စက်စက် ခေါင်းအုံးနဲ့ ဖိသတ်ခဲ့တယ်၊ ငါ့ညီမာဒင် ဆိုတဲ့ကောင် ကလည်း ကိုယ့်သမီးအရင်းကို တောင်ပေါ်က တွန်းချပြီး သတ်ခဲ့တယ်၊ ၁၉၂၀ ရောက်တော့ ထိန်ပင်ကလဲ ကိုယ့်သမီးလေးကို မြို့ပြင်ရေကန်မှာ ရေနှစ်ပြီး သတ်ခဲ့တယ်၊ ဒါတွေဟာ တိုက်ဆိုင်မှုမဟုတ်ဘူး၊ မြနှင်းဆီရဲ့ ကြောက်မက်ဖွယ်ကျိန်စာကြောင့်ပဲ၊ ကျိန်စာရဲ့ အကျိုးဆက်ရောက်တာ ဆိုလို့စိန်ကြောင်နဲ့ မင်းအဘိုးရွှေကြိုင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျန်တော့တယ်၊ သူတို့မျိုးဆက်နှစ်ခု စလုံး သမီးမိန်းကလေး မမွေးတဲ့အတွက် ကျိန်စာက လွတ်ကင်းသွားတာပေါ့"

ဟုပြောလေ၏။

**နေဝင်းသည်** အငြိမ့်မင်းသမီး မြနှင်းဆီ၏ ကျိန်စာကို မထင်မှတ်ဘဲ သိလိုက်ရသဖြင့် တုန်လှုပ်ချောက်ချား သွားလေ၏။ မြနှင်းဆီ၏ ကျိန်စာမှ ဦးစိန်ကြောင်နှင့် မိမိ၏အဘိုး ဦးရွှေကြိုင်တို့သာ လွတ်ကင်းသည် ဆို၏။

မိမိသည် အဘိုး ဦးရွှေကြိုင်၏ နောက်ဆုံး မျိုးဆက်ဖြစ်သဖြင့် မြနှင်းဆီ၏ကျိန်စာ သက်ရောက်နိုင်ဖွယ် ရှိ၏။

နေဝင်းသည် မြနှင်းဆီ၏ ကျိန်စာကို မမျှော်လင့်ဘဲ သိရှိပြီးနောက် ဇနီးဖြစ်သူ မဟာမြိုင်သို့ အကြိမ်ကြိမ် အဖန်ဖန် လာရောက်ခြင်း အကြောင်းကို ရိပ်စားမိသွားလေ၏။

မေသည် မြနှင်းဆီ၏ ကျိန်စာကို မမျှော်လင့်ဘဲ သိရှိခဲ့ပြီးလင်ဖြစ်သူ ကျိန်စာမှ လွတ်ကင်းအောင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ကြိုးစားနေပုံရ၏။

မေသည် သူမ၏ နောက်ဆုံးအချိန်၌ပင် မိမိကို နောက်အိမ်ထောင်ပြုသည့်အခါ သားသမီးမယူပါနှင့်ဟု တောင်းဆိုခဲ့ခြင်းကို အမှတ်ရလေ၏။

ထိုပြင်မေနှင့်တိတ်တနိုးတွေ့ဆုံနေသော သူစိမ်းယောက်ျားမှာ တစ်ပါးသူ မဟုတ်ဘဲ ကပ္ပိယကြီးပင် ဖြစ်နေလေ၏။

မေသည် မြနှင်းဆီ၏ နောက်ခံ သမိုင်းကြောင်းကို လေ့လာရင်း ပန်းချီကား များစွာ ဖန်တီးခဲ့ပုံရ၏။

နေဝင်းသည် ချစ်လင်အတွက် တိတ်တခိုး ကြိုးပမ်းနေသော ဇနီးသည်ကိုပို၍ပြီး ကရုဏာသက်သွားလေ၏။ ယခုတော့ မေ အနီးမှာ မရှိတော့ရှာ...အထင်လွဲမိတာ ခွင့်လွှတ်ပါမေ......။







www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် တောင်ပေါ်ကျောင်းမှ ပြန်လာပြီးနောက် မေနှင့် ပတ်သက်သော လျှို့ဝှက်ချက်များကို မအိမ်သူအား ပြောပြလိုက်ရာ မအိမ်သူက

"အစ်မအကြောင်းကြားရတာ စိတ်မကောင်းစရာပါ၊ သူဟာ ဆရာ့ကို ချစ်လွန်းလို့ ဆရာ မသိအောင် ဆရာတို့ မျိုးရိုးစဉ်ဆက် ခံစားနေရတဲ့ ကျိန်စာက လွတ်ကင်းအောင် ကြိုးစားခဲ့ရှာတယ်၊ သနားဖို့ကောင်းလိုက်တာ"





ဟုပြောလေ၏၊ နေဝင်းသည် မအိမ်သူ စကားကြောင့် ဇနီးဖြစ်သူကို မျက်လုံးထဲတွင် မြင်ယောင်ပြီး ရင်ထဲတွင် ညှိုးနွမ်းသွားလေ၏။

မအိမ်သူက နေဝင်း၏ မျက်နှာကို ကြည့်ပြီး

"ဆရာတို့ မျိုးရိုးစဉ်ဆက် အငြိမ့်မင်းသမီးရဲ့ ကျိန်စာဆိုးကြီး မိထားတယ်၊ ဒီကျိန်စာကြီးကို ဘယ်လိုဖြေရှင်းကြမှာလဲ"

ဟုမေးမြန်းလေ၏၊ နေဝင်းက

"ကိုယ့်အဖေကလည်း တစ်ဦးတည်းသောသား ၊ ကိုယ်ကလည်း တစ်ဦးတည်းသော သားဆိုတော့ ကိုယ်တို့ မျိုးရိုးက ပြတ်သွားပြီ၊ ကိုယ်အိမ်ထောင် မပြုဖြစ်တော့ဘူး၊ ဒါဆိုရင် ကျိန်စာရဲ့အကျိုးသက်ရောက်မှု မရှိတော့ဘူး"

ဟုဆိုလိုက်ရာ နေဝင်း၏ စကားကြောင့် မအိမ်သူ၏ မျက်နှာ ညှိုးနွမ်းသွားလေ၏၊ မအိမ်သူက



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သူ သမီးလေး ပန်းချစ်ကတော့ ဦးစိန်ကြောင်ရဲ့ နောက်ဆုံးမျိုးဆက်ဖြစ်နေတယ်၊ ဒါကြောင့်လဲ ကျွန်မ ယောက်ျား ကိုမဲခေါင်က ကိုယ့်သမီးအရင်းကို ပြန်သတ်ဖို့ ကြိုးစားတာပဲ၊ ဘုရား...ဘုရား ဦးစိန်ကြောင်တို့ လူစု သမီးလေးကို ဘာကြောင့် အုပ်ထိန်းချင်သလဲ ဆိုတာ ကျွန်မ သိပြီ၊ သူတို့က သမီးလေး ပန်းချစ်ကို နောက်ဆုံး မျိုးဆက်ဆိုပြီး စတေးဖို့ ကြံစည်ထားတာပဲ၊ ဦးစိန်ကြောင်ဟာ အဘိုးဖြစ်ပြီး မြေးအရင်းကို ပြန်သတ်ဖို့ကြံစည်ရက်တယ်"

ဟုပြောလေ၏။ နေဝင်းသည် မအိမ်သူ စကားကြောင့် ဦးစိန်ကြောင် မိမိကို မြို့မှ ထွက်သွားရန် အကြိမ်ကြိမ် ခေနိုင်းခြင်းကို ရိပ်စားမိသွားလေ၏။

ဦးစိန်ကြောင်သည် ကျိန်စာဆိုးကြီးမှ လွတ်မြောက်ရန် အတွက် မြေးအရင်းကိုပင် စတေးရန် ကြံစည်ခဲ့ပုံရ၏။ မအိမ်သူ





က နေဝင်း၏ မျက်နှာကို ရှုန်းရှုန်းစားစား ကြည့်ပြီး

"ဘာပဲဖြစ်ဖြစ် စိတ်ဆင်းရဲစရာ တွေကို ခဏမေ့ထား လိုက်ပါ ဆရာ၊ မနက်ဖြန်ည ကျွန်မတို့ အိမ်မှာ ဆရာ ညစာ လာစားပါ"

ဟုပြောလေ၏။

နေဝင်းက မအိမ်သူ၏ လှပသော မျက်နှာကို ကြည့်ပြီး ငြင်းဆန်ရန် အင်အားချည့်နဲ့နေသဖြင့် ခေါင်းညိတ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် မဟာမြိုင်နှင့် ပတ်သက်သော အရှုပ် အရှင်းများပြီးဆုံးသွားသဖြင့် ရန်ကုန်သို့ပြန်ရန် ဆုံးဖြတ် လိုက် ၏။

မိန်းမချောလေး မအိမ်သူ၏ မိမိအပေါ်တိမ်းညွတ်နေသော သဘောကိုရိပ်စားမိသော်လည်း မိမိ၏ရင်ထဲတွင် မေတ္တာလွဲပြီး နေရာ မရှိတော့ချေ။





ထို့ပြင် အငြိမ့်မင်းသမီး မြနှင်းဆီ၏ ကြောက်မက်ဖွယ် ကျိန်စာအရ အဘိုးဦးရွှေကြိုင်၏ နောက်ဆုံးမျိုးဆက်သည် မိမိဖြစ်နေသဖြင့် မျိုးဆက်ပြတ်ရန် အရေးပါနေ၏။

နေဝင်းသည် မအိမ်သူ ဖိတ်ကြားသော ညစာကို နောက်ဆုံးအနေဖြင့် စားသောက်ပြီး ရန်ကုန်သို့ ပြန်ရန် ဆုံးဖြတ်လိုက်၏။

နေဝင်းသည် ညမှောင်ရီသန်းစပြုသောအခါ မအိမ်သူ၏ အိမ်သို့ထွက်ခဲ့၏။ အိမ်သို့ရောက်သောအခါ ကားဟွန်းတီးလိုက်သော်လည်း မအိမ်သူ၏ အရိပ်အယောင် မမြင်သဖြင့်

"မအိမ်သူ"

ဟု အသံပြုလိုက်၏။ သို့သော် မည်သည့်တုံ့ပြန်သံမျှ မကြားရသဖြင့် တံခါးကို ခေါက်ရန် ပြင်လိုက်ရာ တံခါးပွင့်နေကြောင်း တွေ့ရပြီး တစ်အိမ်လုံး ရှန်းရင်းဆန်ခတ် ဖြစ်ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများ ရှုပ်ပွနေ၏။

နေဝင်းသည် မအိမ်သူအတွက် စိတ်ပူသွားပြီး အိမ်ထဲသို့ ကမန်းကတန်း ပြေးဝင်သွားလေရာ မီးဖိုချောင်အနီးတွင် ဓား ဒဏ်ရာဖြင့် လဲကျနေသော မအိမ်သူကို တွေ့ရ၏။

ဇနေဝင်းက မအိမ်သူကို စိုးရိမ်တကြီး ပြေးပွေ့လိုက်ရာ မအိမ်သူက လေသံသဲ့သဲ့ဖြင့်

"သူတို့ သမီးကို အနောက်လမ်းက ဖမ်းခေါ်သွားတယ် အမြန်လိုက်ပေးပါ"

ဟုပြောလေ၏။

နေဝင်းသည် ကလေးအတွက် စိုးရိမ်သွားပြီး မအိမ်သူကို လက်ကာပြလိုက်ကာ

"ကိုယ် အမြန်ဆုံးလိုက်သွားမယ်၊ ခဏ လေး အားတင်းထား"





ဟုဆိုပြီး အိမ်အနောက်ဘက်လမ်းအတိုင်း ပြေးလိုက် ခဲ့ရာ အဝေးမှ ကလေးငိုသံကြားရပြီး ခပ်လှမ်းလှမ်းတွင် ကလေး ကို ထမ်းပြေးနေသော လူတစ်ယောက်ကို မြင်ရလေ၏။

နေဝင်းသည် ထိုသူအနောက်သို့ မီအောင် ပြေးလိုက် သွားပြီး ဖမ်းချုပ်လိုက်ရာ ထိုသူသည် မြေပေါ်သို့ လဲကျသွား လေ၏။

နေဝင်းသည် ထိုသူထံမှ ကလေးကို ပြန်ယူပြီး

"ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ကလေးကို လုရ တာလဲ"

ဟုဆိုလိုက်ရာ ထိုသူက နေဝင်းကို ဒေါသတကြီးကြည့်ပြီး

"ငါက အငြိမ့်မင်းသမီး ကျိန်စာသင့်ခဲ့ရတဲ့ ဦးကြက်တော ရဲ့သားပဲ၊ ကျိန်စာကြောင့် အဖေဟာ ငါ့အင်မတန်ချစ်ဝဲ့ ငါ့ ညီမလေးကို ခေါင်းအုံးနဲ့ ဖိသတ်ခဲ့တယ်၊ ဒီကျိန်စာဆိုးကြီးက



www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်ချင်ပြီကွ၊ လွတ်မြောက်ဖို့အတွက် ကျိန်စာရဲ့ နောက်ဆုံးကျန်ခဲ့တဲ့မျိုးဆက်ကိုငါတို့ရှင်းပစ်မှရမယ်၊ မအိမ်သူ နဲ့ သူ့သမီးဟာ ကျိန်စာရဲ့နောက်ဆုံးမျိုးဆက်တွေပဲ၊ သူတို့ နှစ်ယောက်စလုံး အိမ်ထောင်ပြုပြီး သားသမီးတွေ မွေးခွင့် မပေးနိုင်ဘူး"

ဟုဆိုလိုက်ရာ နေဝင်းသည် ထိုသူတို့၏ ကြောက်မက်ဖွယ် အကြံအစည်ကို ရိပ်စားမိသွားပြီး

"ခင်ဗျားတို့ တော်တော် တစ်ကိုယ်ကောင်းဆန်တဲ့ လူတွေပါလား..ခင်ဗျားတို့ ကိုယ်ကျိုးအတွက် သူတစ်ပါးမိသားစုရဲ့ဘဝတွေကို စတေးပေးရမှာလား"

ဟုမေးမြန်းလိုက်ရာ ထိုသူက

"ဒီကျိန်စာကြီး ငါတို့မြို့မှာ အမြစ်တွယ်နေတာ ကြာပြီ၊ ငါတို့ ကျိန်စာကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်တာ နှစ်ပေါင်း





များစွာ ကြာနေပြီ၊ ငါတို့ မခံနိုင်တော့ဘူးကွ၊ မင်းဝင်မရှုပ်နဲ့"

ဟုဆိုလိုက်ရာ နေဝင်းက လက်ကာပြလိုက်ပြီး

"ခင်ဗျားတို့ မတရားလုပ်တာ လက်ပိုက်ကြည့်မနေနိုင်ဘူး"

ဟုဆိုလိုက်ရာ ထိုသူသည် သရဲမရဲ စီးနေသော လူတစ်ယောက်ကဲ့သို့ ဖြစ်နေပြီး ခါးကြားမှ ဓားမြှောင်ကို ထုတ်ပြီး နေဝင်းကို ပြေးထိုးလိုက်၏။

နေဝင်းက ကိုယ်ကို ယိမ်းနွဲ့ပြီး ရှောင်တိမ်းလိုက်ကာ ထိုသူ၏လက်နှစ်ဖက်ကို ချုပ်ကိုင်ပြီးကိုင်ပေါက်လိုက်လေ၏။

ထိုသူသည် နေဝင်း၏ တိုက်ခိုက်မှုကြောင့် မြေပေါ်သို့ တလိမ့်ခေါက်ကွေး ကျသွားပြီး လက်ထဲမှ ဓားရင်ဝသို့ စိုက်ဝင်သွားလေ၏။

နေဝင်းသည် ရန်သူကို ထားရစ်ခဲ့ပြီး အထိတ်တလန့်



www.burmeseclassic.com

www.burmeseclassic.com



ငိုယိုနေသော ကလေးမလေးကို ပွေ့ကာ အိမ်သို့ ပြန်ပြေးခဲ့၏။

အိမ်သို့ ရောက်သောအခါ လဲကျနေသော မအိမ်သူကို ပွေ့ချီလိုက်ပြီး

"အားတင်းထားနော် မအိမ်သူ..အနီးဆုံးဆေးရုံကို သွားကြမယ်"

ဟုဆိုလိုက်ရာ မအိမ်သူက ဝေဒနာခံစားနေသည့်ကြားက နေဝင်း၏ လက်ကို ဆုပ်ကိုင်လိုက်ပြီး

"မရတော့ပါဘူးဆရာရယ်၊ အိမ်သူကိုယ်အိမ်သူ သိပါတယ်၊ သမီးလေးကို ဆရာ စောင့်ရှောက်ပေးမယ်လို့ ကတိပေးပါ"

ဟုတောင်းဆိုလေ၏။

နေဝင်းသည် မအိမ်သူ၏ ဆန္ဒကို မငြင်းဆန်ဘဲ ခေါင်းညိတ်ကာ





"ကိုယ်ကတိပေးပါတယ် အိမ်သူ..သမီးလေးကို ကိုယ့်သမီးအရင်းလို စောင့်ရှောက်ပါ့မယ်"

ဟုဆိုလိုက်ရာ မအိမ်သူသည် စိတ်သက်သာရာရ ဟန်ဖြင့် ငြိမ်သက်သွားပြီး ဘဝတပါးသို့ ကူးပြောင်းသွား ရှာ၏။

www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် ခိုကိုးရာမဲ့ ဖြစ်နေသော ကလေးမလေးကို ချီပြီး မဟာမြိုင်အိမ်ကြီးသို့ ခေါ်ခဲ့၏။ ကလေးမလေးသည် ကားပေါ်တွင် တရှုံ့ရှုံ့ ငိုယိုနေလေရာ နေဝင်းက ပွေ့ဖက်ပြီး

"မငိုပါနဲ့ သမီးရယ်.. သမီးအနားမှာ ဦးဦးရှိပါတယ်"

ဟုပြောလေရာ ကလေးမလေးက

"မေမေ မရှိတော့ဘူး၊ သမီးဘယ်သူနဲ့နေရမှာလဲဦးဦးရဲ့"





ဟု ငိုယိုပြီးပြောဆိုလေ၏။

နေဝင်းက ကလေးမလေးကို နမ်းရှုံ့ရင်း

"ဦးဦးရှိတယ်လေ သမီးရဲ့ သမီးက ဦးဦးနဲ့ တစ်သက်လုံး နေရမှာပေါ့၊ ဘာမှ အားမငယ်နဲ့"

ဟုအားပေးစကား ပြောဆိုလေ၏။

နေဝင်းအိမ်သို့ရောက်သောအခါအိမ်ထဲတွင်လက်သမားဆရာကြီးဦးမိုးကိုမမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့် အံ့ဩသွားပြီး

"ဦးမိုးရေ ...ကူယ်ပါဦးဗျာ...ဒီမြို့မှာ ကျိန်စာရဲ့အစွမ်းတွေပြနေပြီ၊ လူတွေ သရဲမရဲစီးနေပြီ"

ဟုဆိုလိုက်ရာ လက်သမားဆရာကြီး ဦးမိုးက အေးစက်သော အမူအယာဖြင့်

"အဆုံးသတ်ဖို့ အချိန်တန်ပြီဆရာ၊ ကျုပ်တို့ ကျိန်စာကို အဆုံးသတ်မှ ဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ရာ နေဝင်းသည် ဦးမိုးကို နားမလည်ဟန်ဖြင့် ကြည့်ကာ

“ဘာ...ဘယ်လိုအဆုံးသပ်မှာလဲ”

ဟုမေးမြန်းလိုက်၏။ ဦးမိုးက လက်သီးဆုပ်ပြီး

“ဦးစိန်ကြောင်က ကျိန်စာမှာ အဓိက ကျူးလွန်သူ ဖြစ်နေတယ်၊ ဒါကြောင့် ဦးစိန်ကြောင်ရဲ့ နောက်ဆုံးမျိုးဆက်ကို ရှင်းပစ်ရမယ်”

ဟုပြောလိုက်ရာ နေဝင်းက ဦးမိုးကို ဒေါသတကြီး ကြည့်ပြီး

“ခင်ဗျားတို့ လူစိတ်မှ ရှိရဲ့လား အပြစ်မဲ့လူမမယ်ကလေးကို ရက်ရက်စက်စက် စတေးပစ်ရအောင် ဒီကလေးမှာ ဘာအပြစ်ရှိလို့လဲ”

ဟုမေးမြန်းလေ၏။

ဦးမိုးက ခေါင်းခါယမ်းပြီး





“အပြစ်မရှိပေမဲ့ သူ့အဘိုးရဲ့ အကျိုးဆက်ကို သူခံရမှာပဲ”

ဟုပြောလေရာ နေဝင်းက

“ကျုပ် လုံးဝ ခွင့်မပြုနိုင်ဘူး၊ ကလေးမလေးဟာ ကျုပ်သမီးဖြစ်နေပြီ၊ သူ့ကို တစ်သက်လုံး စောင့်ရှောက်ပါမယ်လို့ မအိမ်သူ့ကို ကတိပေးထားတယ်၊ မအိမ်သူလဲ သေရှာပြီ”

ဟုပြောလေ၏။ ထိုအခိုက်မှာပင် နေဝင်း၏ အနောက်မှ နှစ်လုံးပြူးသေနတ်ကိုင်ထားသော ထမင်းဆိုင်ရှင် လူကြီးထွက်လာပြီး

“ဝမ်းနည်းပါတယ် မောင်ရင်...ကျုပ်တို့ ကျိန်စာရဲ့နောက်ဆုံး မျိုးဆက်တွေကို ရှင်းပစ်ရမယ်၊ မအိမ်သူကိုလဲ ကျုပ်တို့ ရှင်းပစ်လိုက်တယ်၊ မောင်ရင် အသက်မသေချင်ရင် ကလေးမလေးကို ကျုပ်တို့လက်အပ်ပါ၊ ကျုပ်တို့ အကြောင်းမဲ့ လူမသတ်ချင်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာနေဝင်းကမအိမ်သူကိုလုပ်ကြံသူများကို ရိပ်စားမိသွားပြီး

"ခင်ဗျားတို့ သိပ်အယူသည်းနေပြီ၊ ဒီကျိန်စာက လွှတ်မြောက်အောင်ဗုဒ္ဓဘာသာတွေပိဋကဘာသာရေးနည်းလမ်းတွေ အသုံးမပြုဘူးလား"

ဟုပြောလေရာလက်သမားဆရာကြီး ဦးမိုးက

"ကျုပ်တို့မြနှင်းဆီကိုရည်စူးပြီး အလှူဒါန အမျိုးမျိုး လုပ်ခဲ့ပြီးပြီ၊ ဒါပေမဲ့ ကျိန်စာက ရပ်တန့်မသွားဘူး"

ဟုပြောလေ၏၊

ထမင်းဆိုင်ရှင်လူကြီးသည် နေဝင်းကို စိတ်မရှည်တော့ဘဲ

"ပြောနေကြာတယ် မောင်ရင်..ကျုပ်တို့ အလုပ်ကို ဝင်မရှုပ်ပါနဲ့၊ ကျုပ်တို့ လူသတ်ဖို့ ဝန်မလေးဘူး"





ဟုဆိုကာ နေဝင်းကို သေနတ်ဖြင့် ချိန်ရွယ်လိုက်၏

နေဝင်းသည် အဘိုးကြီး နစ်ယောက်လက်မှ လွတ်မြောက်အောင် အကြံထုတ်နေစဉ် ဧည့်ခန်းထဲတွင် ချိတ်ဆွဲထားသော ဆွဲလွဲလေးသည် လေမတိုက်ဘဲ တချွင်ချွင် အသံပြုပြီး ဆူညံစွာ လှုပ်ယမ်းနေလေ၏။

အဘိုးကြီး နစ်ယောက်ဆွဲလွဲလေးလှုပ်ယမ်းနေပုံကို ဘာအံ့ဩကြည့်ရှုနေစဉ် နေဝင်းသည် အခွင့်အရေး ယူပြီး ကလေးနှင့်အတူ တံခါးပေါက်မှ ထွက်ပြေးလေ၏။

ထမင်းဆိုင်ရှင်လူကြီးသည် အသိဝင်လာပြီး နေဝင်းကို နောက်မှ သေနတ်ဖြင့် "ဒိုင်း" ခနဲ ပစ်ထည့်လိုက်ရာ တံခါးပေါင်ကို ထိမှန်ပြီး သစ်သားများ ဖွာလန်ကြဲသွားလေ၏။

နေဝင်းသည် ကားဆီသို့ ပြန်ပြေးကာ ထိုနေရာမှ မောင်းပြေးလေ၏။ အဘိုးကြီးက နေဝင်းကို သေနတ်ဖြင့် ထပ်မံပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ ကားမှန်ကွဲသွားလေ၏။

နေဝင်းသည် ကားကို မြို့ပြင်သို့ ဒရကြမ်း မောင်းနှင်ခဲ့၏။ ထိုစဉ် အဘိုးကြီး နှစ်ယောက်သည် နေဝင်း၏ အနောက်သို့ ဂျစ်ကားဖြင့် လိုက်လာလေ၏။

နေဝင်းသည် အရှေ့မှ မောင်းနှင်ရင်း အနောက်သို့ လှည့်ကြည့်လိုက်ရာ အဘိုးကြီးနှစ်ဦးသည် ဖွဲကောင်းကောင်းနှင့် လိုက်နေဆဲ ဖြစ်၏။

ထိုအခိုက်မှာပင် မျက်နှာချင်းဆိုင် လမ်းကွေ့မှ လော်ရီကားကြီး တစ်စီး ဘွားခနဲပေါ်လာသဖြင့် နေဝင်းက ကားကို လွတ်ရုံမျှ ကပ်သီလေး ရှောင်တိမ်းလိုက်နိုင်၏။

သို့သော် အနောက်မှ လိုက်လာသော ဂျစ်ကားသည် လော်ရီကားကို မရှောင်တိမ်းနိုင်ဘဲ ချောက်ထဲသို့ ထိုးကျသွားလေ၏။





နေဝင်းသည် ချောက်ထဲကျသွားသော ဂျစ်ကားကို ရပ်တန့်ကြည့်လိုက်ပြီး အိမ်ဘက်သို့ပြန်လည်မောင်းနှင် ခဲ့လေ၏။

ကလေးမဗလေးသည်အကြောက်လွန်ပြီး ကဆတ်ဆတ် တုန်နေလေရာ နေဝင်းက ပွေ့ဖက်ပြီး

"သမီး မကြောက်နဲ့နော်...ဦးလေးရှိတယ်"

ဟု ချော့မော့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



နေဝင်းသည်အိမ်သို့ပြန်ရောက်သောအခါအထုပ်အပိုးများ ပြင်ဆင်ပြီး ရန်ကုန်သို့ ပြန်ရန် ပြင်ဆင်လေ၏။

ထိုအခိုက်မှာပင် ဓါတ်စက်မှ မြနှင်းဆီ၏ သီချင်းသံထွက်ပေါ်လာ၏။ နေဝင်းသည် မြနှင်းဆီ၏သီချင်းကို တုန်လှုပ်ချောက်ချားစွာနားထောင်နေစဉ် သူ၏နားထဲတွင် တစ်စုံ တစ်ယောက်က စေခိုင်းသောအသံကို ကြားရလေ၏။ ထိုအသံမှာ

မြနှင်းဆီတာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နေဝင်း.. ဒီအချိန်ကစပြီး မောင်ရင်ဟာ ကလေးမလေးရဲ့မွေးစားအဖေ ဖြစ်သွားပြီ၊ ကျိန်စာရဲ့ အကျိုးသက်ရောက်မှုကို မောင်ရင်လဲခံစားရတော့မယ်၊ ဒါကြောင့် မီးဖိုချောင် ကဓားတွေကို ယူပြီး ကလေးမလေးကို ရှင်းပစ်လိုက်စမ်းပါ၊ ကိုယ်တာဝန်ကိုယ် ကျေစမ်းပါမောင်"

ဟူ၍ဖြစ်သည်။

နေဝင်းသည် ကြောက်မယ်ဖွယ်စေခိုင်းချက်များကို ပဲ့တင်ထပ်မျှ ကြားရလေရာ မီးဖိုချောင်ရှိ အရောင်တဖိတ်ဖိတ်တောက် နေသော ဓားများကို ဆွဲယူမိနီး ဖြစ်သွားလေ၏။

ပြီးမှ သတိဝင်လာပြီး

"အို..ဘာလို့သတ်ရမှာလဲ၊ ကလေးမလေးက ငါ့သမီးဖြစ်နေပြီ၊ သူ့မှာဘာ အပြစ်မှ မရှိဘူး၊ ငါမသတ်နိုင်ဘူး"

ဟုအော်ဟစ်လိုက်၏။ ထိုအခါ ထူးဆန်းသောအသံရှင်က





"မရဘူး မင်းသတ်ရမယ်၊ ဒါဟာ အဖေ တစ်ယောက်ရဲ့ သမိုင်းပေးတာဝန်ပဲ၊ ကျိန်စာရဲ့ နောက်ဆုံး သက်ရောက်မှုလဲ ဖြစ်တယ်၊ ကလေးမလေးကိုသတ်ပါ..အမြန်သတ်လိုက်ပါ"

ဟုအကြိမ်ကြိမ် တိုက်တွန်းနေလေ၏။

နေဝင်းက

"မသတ်ဘူး.. မသတ်ဘူး.. ငါလူ့စိတ်မရှိတဲ့ ကောင်မဟုတ်ဘူး"

ဟုအကြိမ်ကြိမ်အော်ဟစ်ကာ တစ်စုံတစ်ရာကို လုပ်ရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ကလေးမလေးကို အိပ်ခန်းထဲသို့ ပို့ဆောင်လိုက်ပြီး

"သမီး ..ဒီမှာ ခဏလေးအိပ်လိုက်နော်၊ ဦးလေး ခဏနေ ပြန်လာပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ အိုမ်ထဲရှိ သံတူရွင်းကို ယူပြီး ခြံထဲသို့ ဆင်းသွားလေ၏။ ခြံအနောက်သို့ရောက်သောအခါ အုတ်ဂူတစ်လုံးရှေ့တွင် ရပ်လိုက်ပြီး

"ကျုပ်ကို ခွင့်လွှတ်ပါ အဘိုး...အဘိုးရဲ့ အုတ်ဂူကို ကျုပ် ဖောက်ထွင်းမှ ဖြစ်တော့မယ်"

ဟုဆိုကာ အုတ်ဂူကို သံတူရွင်းဖြင့် ရိုက်ခွဲလေ၏။

အတန်ကြာသောအခါ အုတ်ဂူထဲရှိ အရိုးအိုးတစ်လုံးကို ထုတ်ယူလိုက်ပြီး ထိုအိုးကို ပိုက်ကာ မြို့ပြင်သို့ ကားကို အမြန်မောင်းခဲ့၏။

မြို့ပြင်တောလမ်းအတိုင်း ကားကို မောင်းနှင်ခဲ့ပြီး ရှေ့မျက်နှာနတ်ကွန်း ရှေ့သို့ရောက်သောအခါ အရိုးအိုးကို ပိုက်ပြီး ကားပေါ်မှ ခုန်ဆင်းလိုက်၏။

ကားမီးထိုးထားသဖြင့် ရှေ့မျက်နှာ နတ်ကွန်းကို ထင်ထင်





ရှားရှား တွေ့ မြင်နေရ၏။

နေဝင်းသည် နတ်ကွန်း ရှေ့တွင် ရပ်လိုက်ပြီး

"ဒီမှာ မြနှင်းဆီ.. ခင်ဗျားကို ကျူးလွန်တဲ့သူအချို့ဟာ ကျိန်စာရဲ့အကျိုးသက် ရောက်မှုတွေ ခံစားပြီးပါပြီ၊ ကျိန်စာရဲ့ အကျိုးမခံစားရတာ ကျုပ်အဘိုးနဲ့ ဦးစိန်ကြောင်ပဲ ကျန်တော့တယ်၊ ဦးစိန်ကြောင်လဲ ခင်ဗျားရဲ့ ပယောဂကြောင့်ပဲကား တိုက်မှုဖြစ်လို့ သေပြီ၊ ကျုပ်အဘိုးလဲ သေသွားတာ ကြာပါပြီ၊ ခင်ဗျားရဲ့ ရန်ငြိုးရန်စတွေကို လူမမယ်ကလေးအပေါ်က ရုပ်တန့်လိုက်ပါတော့..ဟောဒီမှာ ကျုပ်အဘိုးရဲ့ အုတ်ဂူက အရိုးပြာတွေ.. ဒီအရိုးပြာတွေနဲ့ ခင်ဗျားရဲ့ နတ်ကွန်းခြေရင်းမှာ ကြဲဖြန့်ပြီး ခင်ဗျားကို တောင်းပန်ပါတယ်၊ ရန်ငြိုးရန်စတွေ ပြေပျောက်လိုက်ပါတော့၊ ကလေးမလေးဟာ အပြစ်ကင်းစင်ပါတယ်၊ သူ့မိခင်လည်း ကွယ်လွန်သွားပါပြီ၊ ချမ်းသာပေးလိုက်ပါ၊ အားလုံးကိုယ်စား ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ကပဲ တောင်းပန်ပါတယ်"

ဟုပြောရင်း အရိုးအိုးထဲရှိ ပြာမှုန်များကို ရွှေမျက်နှာ နတ်ကွန်း ခြေရင်းတွင် ဖြည်းညင်းစွာ ကြဲဖြန့်ပေးလေ၏။

ထိုသို့ ကြဲဖြန့်ပေးနေစဉ် တောင်ပေါ်မှ ပြည်ဟီးသံများ ကြားရပြီး ကျောက်တုံးကျောက်ခဲများ နတ်ကွန်း ရှေ့သို့ ကျဆင်းလာ လေရာ နေဝင်းသည် ကျောက်တုံးများကို အထိတ်တလန့် ရှောင်တိမ်းရလေ၏။

ကျောက်တုံးကျောက်ခဲများ နတ်ကွန်းအရှေ့သို့ အတန်ကြာအောင် ကျဆင်းပြီးနောက် ရပ်တန့်သွားလေ၏။

ထိုအခိုက်မှာပင် လျှပ်စီးများ တဖျတ်ဖျတ် လက်ပြီး အချိန်အခါမဟုတ် မိုးများရွာချလေ၏။

နေဝင်းသည် နတ်ကွန်းရှေ့တွင် ရပ်တန့်ပြီး စောင့်မျှော်ကြည့်ရှုနေစဉ် ကျယ်လောင်သော မိုးကြိုး ပစ်သံကြီးကို ကြားရပြီး ရွှေမျက်နှာ နတ်ကွန်းကို မိုးကြိုးထိမှန်သွားလေ၏။

နေဝင်းသည် မိုးကြိုး၏ အရှိန်ကြောင့် မြေပေါ်သို့ လဲကျသွားလေ၏။ နေဝင်းပြန်လည် သတိရလာသောအခါ ကောင်းကင်တခွင်လုံး တိမ်များကင်းစင်နေပြီး နံနက် အရုဏ်တက်ချိန်သို့ပင် ရောက်ရှိနေလေ၏။





www.burmeseclassic.com

www.burmeseclassic.com

နေဝင်းသည် နတ်ကွန်းအနီးရှိ မြနှင်းဆီ၏ ကြွင်းကျန်သော ရုပ်ကလပ်ကို တူးဖော်ပြီး မြို့ပြင်သုသာန်၌ စနစ်တကျ ဂူသွင်းမြှုပ်နှံပေးခဲ့၏။

ထိုသို့ မြှုပ်နှံရုံမက မြနှင်းဆီ အပါအဝင် မကျွတ်မလွတ်သေးသော ပုဂ္ဂိုလ်များအတွက် ရည်စူးပြီး တောင်ပေါ် ကျောင်းတွင် အလှူဒါနများ ပြုလုပ်ကာ အမျှအတန်း ပေးဝေ ခဲ့၏။





ထိုသို့ အမျှအတန်း ပေးဝေပြီး တောင်ပေါ်မှ ဆင်းလာသောအခါ ရင်ထဲတွင် လွတ်လပ်ပေါ့ပါးသွားသယောင် ခံစားရ၏။

အိမ်သို့ပြန်ရောက်သောအခါ ရန်ကုန်သို့ ပြန်ရန် အထုပ်အပိုးပြင်ဆင်လေ၏၊ အထုပ်အပိုးပြင်ဆင်ပြီးသောအခါ အနီးသို့ ရောက်လာသော ကလေးမလေး၏ ပါးကို နမ်းလိုက်ပြီး

"ဦးတို့သွားကြမယ်"

ဟုတီးတိုးပြောလိုက်ရာ ကလေးမလေးသည် နေဝင်းကို အားကိုးဟန်ဖြင့်ကြည့်လေ၏၊ ထို့နောက် ကလေးမလေးကို လက်ဆွဲ ပြီး အိမ်တံခါးပိတ်ကာနီးတွင် ဧည့်ခန်းတစ်ခုလုံး မျက်လုံးဝေ့ကြည့်လိုက်ပြီး

"ကိုယ်သွားတော့မယ်မေ..မေလဲ ကောင်းရာမွန်ရာဘဝ တိုရောက်မယ်လို့ ကိုယ်မျှော်လင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါးတိုး ရေရွတ်ပြီး ဆွဲလွဲလေးကိုကြည့်လိုက်ရာ ဆွဲလွဲလေးသည် လှုပ်ယမ်းမှုမရှိဘဲ ငြိမ်သက်နေသဖြင့် နေဝင်း ကျေနပ်သွားလေ၏။

ထိုကြောင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး တံခါးကို သော့ခတ်လိုက်၏။ နေဝင်း တံခါးပိတ်ပြီး အိမ်ကြီးကို ကျောခိုင်းလိုက်ချိန်၌ ဆွဲလွဲလေး လှုပ်ယမ်းပြီး ချွင်ခနဲ မြည်သွားခြင်းကိုမူ နေဝင်းတစ်ယောက် မကြားလိုက်.. မမြင်လိုက်ချေ....။ အရာအားလုံး ပြီးဆုံးသွားချေပြီ။

သိမ်းပိုက်ခြင်းကင်းသော

မင်းမြတ်သူရ

BURMESE CLASSIC

www.burmeseclassic.com